# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၁၃)


## (၅၆)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံဖွင့်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)က ကြီးမှူးကျင်းပသည့် (၅၆)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အမှာစကားပြောကြားပြီး ညီလာခံ အထိမ်းအမှတ်ဆေးနှင့်ဆေးပစ္စည်းပြခန်းများ ဖွင့်ပွဲကို မှခ်ဦး၌ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြသထားသော ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့
### ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

၂။ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ် တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

၅။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

## ဒုတိယဗိုလ်ချုပ်ကြီးသာအေး ပုဂ္ဂလိကကျွန်းနှင့်ရော်ဘာစိုက်ခင်းကြည့်ရှု အမှတ်(၃) ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးမှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၆ရက် နံနက် ၈နာရီတွင် မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာရှိ ပုဂ္ဂလိက နှစ်ရှည်ကျွန်းစိုက်ခင်းသို့ သွားရောက်၍ ခြံအတွင်း ကျွန်းငုတ်တက်များ၊ ကျွန်း၊ ပျဉ်းကတိုးနှင့် သစ်မွှေးပင်ပေါက်များ ပြုစုပျိုးထောင်ထားရှိမှု အခြေအနေနှင့် ကျွန်းစိုက်ခင်းနှင့် အခြားသစ်မာပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြစ်ကြီးနား-နမ္မတီး(တနိုင်း) လမ်းဘေးဝဲယာတစ်လျှောက်ရှိ ဖြစ်ထွန်းအောင်မြင်နေသော ပုဂ္ဂလိကကျွန်းနှင့် ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး စာမျက်နှာ ၆ ကော်လံ ၄ ✳

## ငြိမ်းငြိမ်းချမ်းချမ်း၊ အေးအေးချမ်းချမ်း ရှေ့သို့လှမ်း

မိုးကောင်းမြို့နယ် နမ္မနကျေးရွာတွင် မြို့သစ် တည်ဆောက်နေမှုကို ဤသို့ တွေ့ခဲ့ရသည်။
ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း (မရမ်းကုန်း)

နေပြည်တော် ဇန်နဝါရီ ၂၀

တပ်မတော်အစိုးရလက်ထက် အမျိုးသားစည်းလုံးညီညွတ်ရေး ဆောင်ရွက်နိုင်ခဲ့မှုကြောင့် နယ်စပ်ဒေသများသည် မည်သည့်ခေတ်အခါနှင့်မျှ မတူအောင် တိုးတက်ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီက ကချင်ပြည်နယ်သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားရန် ရောက်ရှိခဲ့ရာ နမ္မနကျေးရွာအား မြို့ပြအဖြစ် တည်ဆောက်နေသော မြင်ကွင်းကို တွေ့ခဲ့ရသည်။ စာမျက်နှာ ၇ ကော်လံ ၁ ❐


သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း (မရမ်းကုန်း)
စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)


### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၁ရက်)

# စက်မှုနိုင်ငံထူထောင်ရေး သိပ္ပံနှင့်နည်းပညာရပ်များကို တီထွင်ကြံဆ အသုံးချ

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်သည်။ နိုင်ငံတိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့်နည်းပညာ တိုးတက်ရန်လိုအပ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးကို ကြိုးပမ်းလျက်ရှိသည်။

ယနေ့အချိန်အခါတွင် မြန်မာအင်ဂျင်နီယာများသည် သိပ္ပံနှင့်နည်းပညာစွမ်းပကားကို ထိရောက်စွာ အသုံးချလျက် လမ်းတံတား တည်ဆောက်ရေး လုပ်ငန်းများအပါအဝင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၌ စံချိန်စံညွှန်းမီ တည်ဆောက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကြီးမားပြီး ငွေကြေးအမြောက်အမြားအကုန်အကျခံ တည်ဆောက်ရသည့် စီမံကိန်းကြီးများကို တိုင်းရင်းသား အင်ဂျင်နီယာ ပညာရှင်များ၏ အတတ်ပညာစွမ်းပကားဖြင့် အကောင်အထည်ဖော်နိုင်ခြင်းသည် ယနေ့မြန်မာအင်ဂျင်နီယာများ၏ စွမ်းဆောင်ရည်ကို ဖော်ညွှန်းလျက်ရှိသည်။

မြန်မာနိုင်ငံသည် သယံဇာတအရင်းအမြစ်များ ပေါများသည့်နိုင်ငံဖြစ်ရာ သယံဇာတများကို ထုတ်ယူသုံးစွဲသည်နှင့်အမျှ ကုန်ဆုံးသွားမည်ဖြစ်၍ လူသားစွမ်းရည်သက်သက်နှင့် ရှင်သန်ရပ်တည်နိုင်ရန် စက်မှုနည်းပညာရပ်များရှိရန်လည်း လိုအပ်ပေသည်။

ယနေ့ကာလတွင် အတတ်ပညာ၊ နည်းပညာများသည် နေ့စဉ်နှင့်အမျှ ဆန်းသစ်တီထွင်နေကြသဖြင့် သင်ယူ၍ မကုန်ခန်းနိုင်အောင်ရှိသည်။ နေ့စဉ်ပြောင်းလဲတိုးတက်နေသည့်ကမ္ဘာကြီးနှင့် ရင်ပေါင်တန်း လိုက်ပါနိုင်ရေးအတွက် တိုးတက်ဖြစ်ပေါ်နေသည့် နည်းပညာရပ်များကို မျက်ခြည်မပြတ် လေ့လာဆည်းပူးနေကြရမည် ဖြစ်သည်။

တည်ဆောက်ရေးလုပ်ငန်းများတွင် မြန်မာအင်ဂျင်နီယာများသည် အမျိုးသား၊ အမျိုးသမီး မခွဲခြားဘဲ ရှေ့တန်းမှ ပါဝင်ဆောင်ရွက်လျက်ရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရာ၌ အမှီအခိုကင်းကင်းဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စက်မှုနိုင်ငံထူထောင်နိုင်မှသာ တိုင်းပြည်ကြွယ်ဝချမ်းသာလာမည်ဖြစ်ရာ အင်ဂျင်နီယာပညာရပ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံထူထောင်ရေးအတွက် အဓိကလိုအပ်ချက်အဖြစ် သိမြင်ခံယူပြီး ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များကို တီထွင်ကြံဆအသုံးချကာ ဝိုင်းဝန်းပါဝင် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁-၂၀၁၀
(ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo၊ ပဉ္စာန်းပါဠိတော်+ဓဂ္ဂသုတ် |
| ၅း၁၅ | MRTV-4 သတင်း |
| ၆း၀၀ | **ဘဝလက်ကျန်** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ပညာဝရ) |
| ၇း၀၀ | MRTV-4 သတင်း |
| ၇း၄၅ | ခြောက်ကြိမ်မြောက် သဘော်သား ညီအစ်ကို မိသားစုများ မိတ်ဆုံစားပွဲနှင့် LIZSTAR PLATINUM အစီအစဉ်မိတ်ဆက်ခြင်းအခမ်းအနား |
| ၈း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ |
| ၈း၃၀ | Sports World (Cage War) |
| ၈း၅၅ | **မြတ်နိဗ္ဗာန်သို့ ရည်မှန်းပါသည်....** |
| ၉း၁၀ | Galaxy က ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ၏ ပထမဆုံး ပြိုင်ကားမောင်းပြိုင်ပွဲ |
| ၉း၃၀ | Style ရှိမှ Star ဖြစ်မယ် |
| ၁၀း၂၀ | **မျက်ဝန်းသစ်မှာ ဗဟုသုတရှာ** |
| ၁၀း၃၀ | ဖူးမည်အမှန်.... ထူးမည်ဧကန်....မာရ်ငါးမာရ် |
| ၁၀း၄၅ | ရန်ကုန်မြင်ကွင်းကျယ် (သရုပ်ဆောင် ခွန်းဆင့်နေခြည်၏ အနုပညာလှုပ်ရှားမှုများ မိတ်ဆက်ပွဲ) |
| ၁၁း၁၀ | ပညာစကၠူအလင်းပြုစေတဲ့အလှူ |
| ၁၁း၃၅ | **မင်းမသိသေးပါဘူးကွာ** ကြူကြူသင်း၊ ငှက်ပျောကြော်၊ ဇရာ၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်) |
| ၁၁း၄၅ | သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး (တစ်ခုပညာကိုယ်စီပါ) |
| ၁၁း၅၅ | **မြတ်နိဗ္ဗာန်သို့ ရည်မှန်းပါသည်....** |
| ၁၂း၁၅ | ဂီတသရုပ်ပြခန်း (မိုးမိုး-တနင်္ဂနွေမိုးရေစက်များ) |
| ၁၂း၄၅ | **မျက်ဝန်းသစ်မှာ ဗဟုသုတရှာ** |
| ၁း၀၀ | **ဘဝလက်ကျန်** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ပညာဝရ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၄၅ | Fashion Music Festival Hip Hop ကမ်းခြေ(၁) |
| ၃း၂၀ | ပညာစကၠူအလင်းပြုစေတဲ့အလှူ |
| ၃း၄၅ | ရန်ကုန်မြင်ကွင်းကျယ် (Coreana Esthetic ဖွင့်ပွဲအခမ်းအနား) |
| ၃း၅၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မှားခွင့်ရိုက်ကွင်းအမှတ်တရ** |
| ၄း၁၅ | ခြောက်ကြိမ်မြောက် သဘော်သား ညီအစ်ကို မိသားစုများ မိတ်ဆုံစားပွဲနှင့် LIZSTAR PLATINUM အစီအစဉ် မိတ်ဆက်ခြင်းအခမ်းအနား |
| ၄း၃၅ | Galaxy က ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ၏ ပထမဆုံး ပြိုင်ကားမောင်းပြိုင်ပွဲ |
| ၅း၀၀ | အနုပညာမိုးကောင်းကင် |
| ၅း၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ယုံးယုံးနှင့်တွေ့ဆုံခြင်း) |
| ၆း၄၀ | GTI ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ |
| ၇း၀၀ | Fashion Music Festival Hip Hop ကမ်းခြေ(၁) |
| ၇း၃၀ | ဘဝများ (အကမင်းသမီးရှုမဝ) |
| ၇း၄၀ | ရန်ကုန်မြင်ကွင်းကျယ် (Coreana Esthetic ဖွင့်ပွဲအခမ်းအနား) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | Style ရှိမှ Star ဖြစ်မယ် |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ |
| ၁၀း၀၀ | ဂီတသရုပ်ပြခန်း (မိုးမိုး-တနင်္ဂနွေမိုးရေစက်များ) |
| ၁၀း၃၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၅၅ | ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ယုံးယုံးနှင့်တွေ့ဆုံခြင်း) |
| ၁၁း၁၀ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မှားခွင့်ရိုက်ကွင်းအမှတ်တရ** |
| ၁၁း၃၀ | အုံ့မခန်းမြန်မာ့ပန်းပုပညာလက်ရာ ရွှေကူတံကဲတော်ကြီး |
| ၁၁း၃၅ | စိတ်ကူးရေးခြယ် ဆေးရေးပန်းချီအထည် |
| ၁၁း၅၀ | သီးနှံစိုက်ပျိုးအထွက်တိုး **စပါးပန်းတိုင်အထွက်နှုန်း** |
| ၁၂း၀၀ | ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့ |
| ၁၂း၁၀ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၁း၀၀ | အစီအစဉ်ပြီး။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရှုံးသုံးကွန်ပျူတာနည်းပြသင်တန်း အမှတ်စဉ် (၁/၂၀၀၉)နှင့် ဘဏ္ဍာရေးဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၀၉) သင်တန်းများဆင်းပွဲ၌ အမှာစကားပြောကြားစဉ်။ (စက်မှု-၁)

# ရှုံးသုံးကွန်ပျူတာနည်းပြသင်တန်းနှင့် ဘဏ္ဍာရေးဆိုင်ရာမွမ်းမံသင်တန်းများ ဆင်းပွဲ

## ဝန်ကြီးဦးအောင်သောင်း တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန ရှုံးသုံးကွန်ပျူတာနည်းပြသင်တန်းအမှတ်စဉ် (၁/၂၀၀၉)နှင့် ဘဏ္ဍာရေးဆိုင်ရာမွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၀၉)သင်တန်းများ ဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ် (၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

**ပေးအပ်**

ထို့နောက် ဝန်ကြီးက သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်း၌ သင်တန်းသူ ပထမဆုရရှိကြသူတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား ခေါင်းဆောင်များအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သင်တန်းများသို့ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၅၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၁၅ရက်က ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြခြင်းများကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## မိုးညှင်းမြို့နယ်စည်ပင် ပန်းခြံသာယာရေးဆောင်ရွက်

မိုးညှင်း ဇန်နဝါရီ ၂၀

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စိမ်းလဲ့သာယာ ပန်းခြံအသစ်တွင် သာယာလှပရေးအတွက် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁ရက်က အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြပ်မတ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

## ငွေလှူဒါန်း

နှစ်ဖက်မိဘအမှူးထား၍ ဦးဇော်လင်း -ဒေါ်ဟန်စုယဉ်၊ သား မောင်ဇော်လွင်ဖြိုး၊ သမီး စမ်းရေဖြိုး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။ (သတင်းစဉ်)

21-1 (02).pmd 1 1/21/2010, 2:08 AM

ဇန်နဝါရီ ၂၀ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (၅၆)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံတွင် အမှာစကားပြောကြားစဉ်။
(သတင်း-ရွှေဖုံး) (သတင်းစဉ်)

# ကန့်ဘလူမြို့ ပြည်သူ့ဆေးရုံ တည်ဆောက်ပြီးစီးမှု တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၆ရက်တွင် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ ပြည်သူ့ဆေးရုံ ခုတင် (၁၀၀)ဆံ့ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူးသည် ကျွန်းလှမြို့အဝင် ဘုရင့်နောင်လမ်း ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ မြို့မိမြို့ဖတစ်ဦးက လမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားကာ တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

### ရင်းရင်းနှီးနှီး

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လမ်းဖွင့်ပွဲ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး လမ်းသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ အခမ်းအနား တက်ရောက်လာသော ဒေသခံများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်
## ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ကမ္ဘာ့ဘဏ်မစ်ရှင်အဖွဲ့မှ ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် ညွှန်ကြားရေးမှူး Ms. Annette Marie Dixon ဦးဆောင်သောအဖွဲ့သည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

### တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နွယ်သာကီသတင်းဂျာနယ်ဖြန့်ချိ

*ရန်ကုန် ဇန်နဝါရီ ၂၀*

*နွယ်သာကီသတင်းဂျာနယ်အတွဲ (၁)၊ အမှတ် (၂၁၂)ကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းနှင့် ကျုံးကြီးလမ်းထောင့်ရှိ ရွှေပြည်စိုးစာပေတိုက်က တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်သည်။*

*ဂျာနယ်တွင် ဆရာကိုကိုလှိုင်၏ ကံဆိုးမသွားရာ မိုးလိုက်ရွာနေသော ဟေတီနိုင်ငံအကြောင်း သမိုင်းနောက်ခံ နိုင်ငံရေး အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်ခံစားနေရပုံကို ရေးသားဖော်ပြထားပြီး ရာသီဥတုပြောင်းလဲမှုကြောင့် ဘာတွေဆက်ဖြစ်လာဦးမှာလဲ ဆိုသည့် ဆောင်းပါး၊ ဦးငွေသိမ်း (ကုမ္ပဏီလမ်းညွှန်)ရေးသားသည့် စျေးကွက်စီးပွားရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ စိုင်းသိန်း (ကျိုင်းတုံ)၏ ပထဝီနိုင်ငံရေးနှင့် ပန်းဆေးတောင်တန်း၊ နေပြည်တော်-မန္တလေး လေအေးစက်ပါ ရထားတွဲများဖြင့် ခရီးသွားနိုင်၊ မြန်မာ့ရေးဟောင်း အင်းဝမြို့သို့ နိုင်ငံခြား ဧည့်သည်များ ဝင်ရောက်သည့် သတင်း၊ ဘုရင့်နောင် ကားဝင်းတွင် ညအိပ်ယာဉ်ကြီးများ သတင်း၊ အပန်းဖြေဘုရားဖူးကားများ ကြံ့ခိုင်ရန်လိုအပ်လာ၊ ကိုကိုးကျွန်းသို့ ပထမအကြိမ်ရေလုပ်ငန်းဆိုင်ရာ သွားရောက်လေ့လာခြင်း စသည့် သတင်းများအပြင် အနုပညာရှင်များ၏ သတင်းများနှင့် နိုင်ငံတကာသတင်းများကို စုံစုံလင်လင် ဖော်ပြထားကြောင်း သိရသည်။* ***(သတင်းစဉ်)***

ပုလဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် မြို့ရေပေးရေး ရေစက်ရုံ၊ ရေစင်၊ ရေဂါလန် ၄၈၀၀ဆံ့ သံရေလှောင်ကန်များ၊ ဆေးသုတ်မွမ်းမံပြုပြင်ခြင်းလုပ်ငန်းနှင့် ရေမြုပ်ပန့် ပြန်လည်ပြုပြင် ပြီးစီးမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးလှမြင့် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

# ပုဏ္ဏားကျွန်း၌ စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

ပုဏ္ဏားကျွန်း ဇန်နဝါရီ ၂၀

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ်၌ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏စီစဉ်မှုဖြင့် ဒီဇင်ဘာ ၂၀ရက် နံနက် ၅နာရီက ပုဏ္ဏားကျွန်းမြို့ အထကစုရပ်မှ သုံးမိုင်ခန့်ဝေးသည့် ဆင်အင်းကြီး ကျေးရွာသို့ အသွားအပြန် စုပေါင်းလမ်းလျှောက်ကြပြီး ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

အဆိုပါစုပေါင်းလမ်းလျှောက်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့ပေါ်အထက၊ အလကကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းပါဝင်ဆင်နွှဲကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ထုတ်ကုန်သစ်များ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

Kyaw Zeyar Trading Group Co.,Ltd. က ကြီးမှူး၍ ၂၀၁၀ခုနှစ် Panasonic Telecomm & Imaging New Products Seminar အခမ်းအနားကို ဇန်နဝါရီ ၁၉ရက် ညနေ ၆နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပရာ ဌာနဆိုင်ရာများနှင့်မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ ကွန်ပျူတာ လုပ်ငန်းရှင်များ၊ Panasonic အမှတ်တံဆိပ်ထုတ်ကုန်များကို ဝယ်ယူသုံးစွဲကြသူများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

အဆိုပါ အခမ်းအနားတွင် Kyaw Zeyar Trading Group Co.,Ltd. မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာနိုင်ဝင်း **(အောက်ပုံ)** က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Panasonic System Asia Pacific Singapore Office မှ Business Head, Mr. Chew Aik Hung က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် Sales & Marketing Executive, Mr.Desmond Ongက Panasonic မှ နောက်ဆုံးပေါ် နည်းပညာဖြင့် ထုတ်လုပ်ထားသည့် ၂၀၁၀ ခုနှစ်ထုတ်ကုန်သစ်များနှင့် Panasonic Panaboard များအကြောင်းကို ရှင်းလင်းတင်ပြပြီး Sales & Marketing Executive, Ms.Spring Chong က Pure IP PBX (TDE Series) အကြောင်းကို ရှင်းလင်းတင်ပြသည်။ Panasonic Pure IP PBX သည် Voiceနှင့် Dataကို IP Network ပေါ်၌ တစ်ပြိုင်နက်တည်း အသုံးပြုနိုင်သော IP Exchange အမျိုးအစားဖြစ်သည်။

Multi Function Black & White နှင့် Colour Printer များသည် Fax, Scan, Print, Copy, Network အစရှိသော Functionများကို စက်အမျိုးအစား တစ်ခုတည်းမှ လုပ်ဆောင်နိုင်သည်။

Panaboardများသည် မျက်နှာပြင်ပေါ်တွင် ကွန်ပျူတာ Function များကို အသုံးပြု၍ ပုံဆွဲခြင်း၊ စာရေးသားခြင်းများကိုပြုလုပ်နိုင်ပြီး လိုအပ်ပါက ကွန်ပျူတာနှင့် ချိတ်ဆက်၍ အလွယ်တကူ Print Out ထုတ်နိုင်သည်။

အဆိုပါ ထုတ်ကုန်သစ်များနှင့်အတူ Panasonicအမှတ်တံဆိပ် Telephone များ၊ Cordlessများ၊ Faxများ၊ PABX များနှင့် CCTVများကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် Kyaw Zeyar Trading Group Co.,Ltd. က တင်သွင်းဖြန့်ချိ ရောင်းချလျက်ရှိသည်။

### ဆက်သွယ်နိုင်

ဝယ်ယူလိုပါက အမှတ်၈၇ ပြည်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၆၂၆၆၊ ၂၁၆၂၆၅၊ ၂၁၄၀၉၄၊ Fax၂၁၆၂၈၀ e-mail; Sales @ Panasonic.com.mm မန္တလေးမြို့ လမ်း၃၀နှင့် ၇၃လမ်းကြား မင်္ဂလာဈေးအပေါ်ဆုံးထပ် ဖုန်း-၀၂-၆၁၆၂၆နှင့် ၆၁၆၂၁၊ နေပြည်တော် သပြေကုန်းဈေး ဖုန်း-၀၆၇-၄၁၄၁၇၁နှင့် နေပြည်တော် ပျဉ်းမနား အမှတ် ၂၀ တောင်ညိုလမ်း ဖုန်း-၀၆၇-၂၁၅၈၈၊ ၂၁၅၉၉၊ Fax; ၀၅၆၇၂၁၅၇၇တို့သို့ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

မုံရွာမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဒုတိယ ဦးစီးမှူး (သန့်) နှင့် အဖွဲ့ ဗိုလ်ချုပ်လမ်းတစ်လျှောက် လမ်းလယ်ကျွန်းများအောက်ခြေရှိ ဖုန်၊သဲများ ရှင်းလင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

# မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၀

**မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Han Golf Masters Pte., Ltd.တို့မှ ပူးပေါင်း ကျင်းပခဲ့သော Han Golf Masters မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် မွန်းလွဲပိုင်းက မြန်မာဂေါက်ကွင်း ကိုးမိုင် ရန်ကုန်မြို့၌ ကျင်းပသည်။**

### ဆုချီးမြှင့်

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အသက်ကိုးနှစ်အောက် ပြိုင်ပွဲဝင်များအတွက် အထူးဆုများကို Royal Furniture မှ ဒါရိုက်တာ ကိုကိုမိုးကလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးထွန်းက အမျိုးသားအသက် ၁၀နှစ်မှ ၁၂နှစ်သက်တန်း ပြိုင်ပွဲတွင် ဒုတိယဆု ရရှိသူများအားလည်းကောင်း၊ Han Golf Masters Pte., Ltd. မှ ဒါရိုက်တာ ဦးကိုကိုလေးက အမျိုးသားအသက် ၁၃နှစ်မှ၁၅နှစ် သက်တမ်းပြိုင်ပွဲတွင် ဒုတိယဆုမှ ဒုတိယဆုရရှိသူများအားလည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)က အမျိုးသား အသက် ၁၆နှစ်မှ၂၀ သက်တန်းပြိုင်ပွဲတွင် ဒုတိယဆုမှ ဒုတိယဆုရရှိသူများအား လည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က အမျိုးသမီးအသက် ၁၂နှစ်မှ ၂၀ သက်တန်းပြိုင်ပွဲတွင် သတ္တမဆုမှ ဒုတိယ ဆုရရှိခဲ့သူများအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ပြီး Han Golf Masters Pte., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်လှ ဟန်က အမျိုးသားအသက် ၁၀-၁၂နှစ် သက်တန်းတွင် အနိုင်ရ ဗိုလ်စွဲခဲ့သော မောင်အောင်ဆန်းမျိုး၊ ၁၃-၁၅နှစ် သက်တန်းတွင် အနိုင်ရဗိုလ်စွဲခဲ့သော မောင်စည်သူရဲရင့်၊ အသက် ၁၆ -၂၀ သက်တန်းတွင် အနိုင်ရ ဗိုလ်စွဲခဲ့သော မောင်ဇင်မင်းသူနှင့် အမျိုးသမီးအသက် ၁၂-၂၀ သက်တန်းတွင် အနိုင်ရ ဗိုလ်စွဲခဲ့သော မရှုမဝဝင်းမြင့်တို့အားလည်းကောင်းဆုများကို ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် မြန်မာဂေါက်ကွင်း၊ GP Watch, Nivea, Royal Furniture, Grand Royal Premium သောက်ရေသန့်နှင့် အာရှအချိုရည်တို့က ထပ်မံကူညီပံ့ပိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှလှ
စိမ်းမြမြ

# မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် SUPREME Group of Companies၏ ကူညီပံ့ပိုးမှုဖြင့် ဇန်နဝါရီ ၂၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ပါမောက္ခ ဒေါက်တာမောင်မောင်စိုး (ဘောဂဗေဒ)က စီးပွားရေးလုပ်ငန်းများအတွက် စွမ်းဆောင်နိုင်ရည် တည်ဆောက်မှု Capacity Building for Profit Seeking Organizations ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ **(သတင်းစဉ်)**

## အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၀

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၂၀ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၀၀၀၅ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၃၈၈၇ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၀၀၀၅ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၆၃၈၈၇ ဦး |

(အင်တာနက်)

## အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဇန်နဝါရီ ၂၀

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၂၀ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၄၇၉ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာ ရရှိသူဦးရေမှာ ၃၈၂၂၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၂၄၇၉ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ | ၃၈၂၂၈ ဦး |

(အင်တာနက်)

## အီရတ်၌ မော်တော်ဆိုင်ကယ် ဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ဘာကူဘာ ဇန်နဝါရီ ၂၀

အီရတ်နိုင်ငံအရှေ့ပိုင်း ဒီယာလာပြည်နယ်ရှိ ရဲစခန်းတစ်ခု၌ ဇန်နဝါရီ ၁၈ ရက်က မော်တော်ဆိုင်ကယ်ဗုံးပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

**လွှဲပြောင်းပေးအပ်**

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၀၀အကွာရှိ မက်ဒါဒီရာမြို့၌ ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသည့် မော်တော်ဆိုင်ကယ်တစ်စီးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ဗုံးရှင်းလင်းရေးကျွမ်းကျင်သူများက စနက်တံဖြုတ်ကာ ဆိုက်ကယ်ကို ရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် ဆိုင်ကယ်ရဲစခန်းအရောက်တွင် ပေါက်ကွဲမှုဖြစ်ကာ ထိခိုက်သေဆုံးရခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းနေ့မှာပင် သီးခြားစီပြုလုပ်သော စစ်ဆင်ရေးများ၌ မသင်္ကာသူ ငါးဦးအား ဖမ်းဆီးနိုင်ခဲ့ပြီး ဖောက်ခွဲရေးပစ္စည်းများနှင့် လက်နက်များကိုလည်း သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## ဒဏ်ရာရရှိ

**အီရတ်နိုင်ငံ အန်ဘာပြည်နယ် ဆာလာဝီရာဒေသရှိ ရဲစခန်းအနီး၌ ထရပ်ကားဗုံး ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူတစ်ဦးအား ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## အာဖဂန်၌ တိုက်ပွဲများဖြစ်ပွား စစ်သွေးကြွ ၁၃ဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းတွင်တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် စစ်သွေးကြွ တစ်ဒါဇင်ကျော် သေဆုံးကြောင်း အနောက်ပိုင်းဖာရတ်ပြည်နယ်မှူး အီကရာမူဒင်ရာဝါက ဇန်နဝါရီ ၁၉ရက်၌ ပြောကြားသည်။

**ချုံခိုတိုက်ခိုက်**

ဖာရတ်ပြည်နယ် အနောက်ပိုင်း ဘက်ဝါခရိုင်၌ ဇန်နဝါရီ ၁၈ရက်တွင် ရဲတပ်ဖွဲ့က တာလီဘန်တို့ကို ချုံခိုတိုက်ခိုက်ခဲ့သဖြင့် စစ်သွေးကြွရှစ်ဦး သေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရရှိကြောင်း ရာဝါက ပြောကြားသည်။

**ပိုမိုမြင့်တက်**

ထို့ပြင် ဘာဒစ်ပြည်နယ် ဘလာမာဂါတ်ခရိုင်ရှိ စစ်ဆေးရေးဂိတ်ကို စစ်သွေးကြွများက စီးနင်းတိုက်ခိုက်သဖြင့် အပြန်အလှန်ပစ်ခတ်ရာ ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦးသေဆုံးပြီး စစ်သွေးကြွငါးဦးသေဆုံးကြောင်း သိရသည်။ ယခုနှစ်စမှာပင် စစ်သွေးကြွများနှင့် အစိုးရတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများ အရှိန်ပိုမိုမြင့်တက်လာသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## သေနတ်သမားတို့လက်ချက် ဘဂ္ဂဒက်၌ အလုပ်သမားလေးဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ စီးပွားရေးအချက်အချာကျသည့်ဒေသမှ အဆောက်အအုံတစ်ခုကို ဇန်နဝါရီ ၁၉ ရက်က သေနတ်သမားများ စီးနင်းပစ်ခတ်မှုကြောင့် အလုပ်သမားလေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

**ဒဏ်ရာရရှိ**

အမည်မသိသေနတ်သမားများက အစိုးရမဟုတ်သောကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးအေဂျင်စီကို မွန်းလွဲ ၂ နာရီတွင် အကြမ်းဖက်တိုက်ခိုက်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနသတင်းရပ်ကွက်၏ ပြောကြားချက်အရ သိရသည်။ သေနတ်သမားတို့က အဆောက်အအုံမှ ထွက်ခွာအပြီး လမ်းပေါ်တွင် လက်လုပ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်သဖြင့် အီရတ်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။ **(အင်တာနက်)**

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တောင်ဘက် ကီလိုမီတာ ၁၆၀ အကွာရှိ နာဂျစ်မြို့၌ ကားဗုံး ပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။** (ဆင်ဟွာဓာတ်ပုံ)

## နှစ်နိုင်ငံနယ်စပ်အရေး အီရန်နှင့်အီရတ်တွေ့ဆုံဆွေးနွေး

တီဟီရန် ဇန်နဝါရီ ၂၀

အီရန်နှင့် အီရတ်နှစ်နိုင်ငံ နယ်စပ်ကိစ္စနှင့်ပတ်သက်၍ နားလည်မှုလွဲမှားချက်များကို ဖြေရှင်းရန် ဇန်နဝါရီ ၁၉ရက်တွင် နှစ်နိုင်ငံ နယ်စပ်ဖုန် ၁၁ခုမှအကြီးအကဲများ အီရန်နိုင်ငံ ကာဆာအယ်ရှီရင်မြို့၌ တွေ့ဆုံဆွေးနွေးကြောင်း အီရန်မီဒီယာက သတင်းထုတ်ပြန်သည်။

**စတင်ဆွေးနွေး**

နှစ်နိုင်ငံနယ်စပ်ရှိ ရေနံမြေပြဿနာ အငြင်းပွားမှုများဖြစ်ပြီးနောက် ယခုနှစ်အစောပိုင်းတွင် နှစ်နိုင်ငံအစိုးရတို့ နယ်စပ်ရေးရာနှင့်ပတ်သက်၍ စတင်ဆွေးနွေးကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီက ပြောကြားသည်။

ဤဆွေးနွေးပွဲက ဖက်ခ်ကာနယ်စပ်ဒေသရှိ ရေနံတွင်းကိစ္စကို ဆွေးနွေးရန်အတွက် ပူးတွဲကော်မတီဖွဲ့စည်းရေးကို လမ်းပွင့်သွားစေသည်ဟုဆိုသည်။

**ပြောကြား**

အီရတ်နှင့် ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်ရေးမှာ အရေးကြီးကြောင်း ဆွေးနွေးပွဲ၌ အီရန်နိုင်ငံမှ တာဝန်ရှိသူက ပြောကြားသည်။ **(အင်တာနက်)**

## အီရတ်မှ ရေနံထုတ်လုပ်ရန် ရှဲလ်နှင့်ပီထရိုနပ်စ်ကုမ္ပဏီ လက်မှတ်ရေးထိုး

ကွာလာလမ်ပူ ဇန်နဝါရီ ၂၀

အီရတ်နိုင်ငံတောင်ပိုင်း မက်ဂျ်နွန်းရေနံမြေမှ ရေနံထုတ်လုပ်နိုင်ရန် စာချုပ်တစ်ရပ်ကို ရှဲလ်ရေနံကုမ္ပဏီနှင့် မလေးရှားနိုင်ငံပိုင် ပီထရိုနပ်စ်ရေနံကုမ္ပဏီတို့ လက်မှတ်ရေးထိုးကြသည်။

**တိုးမြှင့်ထုတ်လုပ်**

ရှဲလ်ကုမ္ပဏီနှင့် ပီထရိုနပ်စ်ရေနံကုမ္ပဏီတို့က အီရတ်ရေနံမြေမှ နေ့စဉ်ထုတ်လုပ်နေသည့် ရေနံပီပါ ၄၆၀၀၀မှ ၁ ဒသမ ၈ သန်းအထိ တိုးမြှင့်ထုတ်လုပ်ရန် သတ်မှတ်ထားသည်။

**လက်မှတ်ရေးထိုး**

အဆိုပါရေနံထုတ်လုပ်မည့်စာချုပ်ကို အီရတ်ရေနံဝန်ကြီး ဟူစိန်ရှီရစ်စတန်နီ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြသည်။ ရေနံတစ်ပီပါလျှင် ၆၈ဆင့်ရမည်ဖြစ်ပြီး ယင်းဈေးနှုန်းသည် ရေနံထုတ်လုပ်မှုလုပ်ငန်းတွင် မကြုံစဖူးဈေးနှုန်းဖြစ်သည်ဟု ၄င်းက ပြောကြားသည်။

ရှဲလ်ကုမ္ပဏီက ယင်းရေနံဖက်စပ်လုပ်ငန်းတွင် ၆၀ ရာခိုင်နှုန်း ရရှိမည်ဖြစ်ပြီး ပီထရိုနပ်စ်ကုမ္ပဏီက ကျန်၄၀ရာခိုင်နှုန်းကို ရရှိမည်ဖြစ်သည်။ **(အင်တာနက်)**

## အီရတ်အစိမ်းရောင်နယ်မြေ၌ ပစ်ခတ်မှုဖြစ်ပွား

ဘဂ္ဂဒက် ဇန်နဝါရီ ၂၀

**အီရတ်နိုင်ငံ သံတမန်ရုံးများအခြေချရာ အစိမ်းရောင်နယ်မြေသို့ ဇန်နဝါရီ ၁၉ရက်က စိန်ပြောင်းဖြင့် ပစ်ခတ်ခြင်းခံရကြောင်း မျက်မြင်သက်သေများက ပြောကြားသည်ဟု အဆွတ် အယ်လ်-အီရတ်သတင်းဌာနက သတင်းထုတ်ပြန်သည်။**

**ထိခိုက်ပျက်စီး**

**ယင်းစိန်ပြောင်းမှာ အမေရိကန်သံရုံးကို ထိမှန်ခဲ့ဟန်တူကြောင်း၊ မည်သည့်နေရာမှ ပစ်ခတ်ခဲ့သည်ကိုမူ မသိရကြောင်း၊ ထိခိုက်ပျက်စီးမှုမရှိကြောင်း ယင်းသတင်း၌ပါရှိသည်။**

(အင်တာနက်)

## ကဘူးလ်၌ တိုက်ပွဲဖြစ်ပွား၊ အရပ်သားများသေဆုံး

ကဘူးလ် ဇန်နဝါရီ ၂၀

**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အာဖဂန်လုံခြုံရေးတပ်ဖွဲ့နှင့် တာလီဘန်စစ်သွေးကြွများ ဇန်နဝါရီ ၁၈ရက်က တိုက်ပွဲ ဖြစ်ပွားရာ ၁၅ဦးသေဆုံးပြီး အခြား ၃၈ဦး ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။**

တာလီဘန်တို့က ကဘူးလ်မြို့ရှိ ဗဟိုဘဏ်အပါအဝင် အဆောက်အအုံအများအပြားကို ဗုံးဖြင့်ဖောက်ခွဲတိုက်ခိုက်ခြင်း အပြင် ပြည်ထဲရေးဝန်ကြီးဌာန အနီးရှိ လူနာတင်ယာဉ်တစ်စီးကို ဖောက်ခွဲဖျက်ဆီးခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**တုံ့ပြန်**

တာလီဘန်တို့က ပြည်ထဲရေးဝန်ကြီးဌာနအတွင်းသို့ ဝင်ရောက်ရန်ကြိုးပမ်းခဲ့သော်လည်း အာဖဂန်ရဲတပ်ဖွဲ့၏ တုံ့ပြန်တိုက်ခိုက်မှုကြောင့် အောင်မြင်ခဲ့ခြင်းမရှိဟု ဆိုသည်။

**ပါဝင်**

သေဆုံးသူများတွင် အရပ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်ကြောင်း၊ ဒဏ်ရာရရှိသူအများစုမှာ အရပ်သားများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရုံအုပ်ကြီးက ပြောကြားသည်။ အဆိုပါ တိုက်ပွဲအတွင်း သေဆုံးသူများတွင် စစ်သွေးကြွလေးဦးလည်း ပါဝင်ကြောင်းသိရသည်။ **(အင်တာနက်)**

## လောင်စာဆီတင်ယာဉ်

**ပါကစ္စတန်နိုင်ငံ နာခာအက်ဘက်မြို့အနီး၌ နေတိုးလောင်စာဆီတင်ယာဉ်တိုက်ခိုက်ခံရပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

21-1 (04).pmd 1 1/21/2010, 2:08 AM

# ဟေတီမြေငလျင်အတွက် နိုင်ငံတကာအကူအညီများ တဖွဲဖွဲရောက်ရှိနေ လုယက်တိုက်ခိုက်မှုများ နေရာအနှံ့ဖြစ်ပွားနေပြန်

**သဘာဝဘေး သတင်းအက်ဆေး**

ဆွေ - ရေးသားသည်

ဟေတီနိုင်ငံ၏ မနှစ်မြို့စရာထိတ်လန့်တုန်လှုပ်ဖွယ် မြေငလျင်ကပ်ဆိုး၊ ဘေးဆိုး၊ အန္တရာယ်ဆိုးကြီးကြောင့် လူနှစ်သိန်းသေဆုံးရပြီး လူတစ်သန်းခွဲ အိုးမဲ့အိမ်မဲ့ဖြစ်သွားရသည်ဆိုသည့် နောက်ဆက်တွဲသတင်းဆိုးကို ကြားသိရပြန်သည်။

သို့သော် ပြည်သူအများ ကြိမ်မီးအုံးပမာ တနုံ့နုံ့ခံစားနေရဆဲပါ။

မြေငလျင်ကြောင့် ဒဏ်ရာရပြီး မသေဘဲကျန်ရစ်နေသူများလည်း လမ်းများပေါ်တွင် သေနေကြဆဲ တွေ့နေရ၏။ လုယက်ခိုးဝှက်သူများလည်း အနှံ့အပြားတွင်ရှိနေ၏။ အချင်းချင်းမညှာမတာ သတ်ဖြတ်နေကြသူများလည်း အများအပြားပင်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဤသို့ ဆောင်ရွက်နေသည်။

ထို့ကြောင့် ဟေတီနိုင်ငံတွင် လုံခြုံရေးအတွက် အရေးတကြီးလိုအပ်နေပါ၏။

ကမ္ဘာ့နိုင်ငံများ၏အကူအညီသည် ဝင်လာမစဲတဖွဲဖွဲဖြစ်နေ၏။ သို့သော် လိုသလောက်ရောက်မလာ။ ငွေကြေးအကူအညီများ ပေးကြသလို၊ စားနပ်ရိက္ခာ အကူအညီများလည်း ပို့ကြ၏။ ဆေးဝါးများပေးပို့ကြသည်မှာလည်းမနည်း။ ရဲတပ်ဖွဲ့ဝင်များ ရောက်လာသည်မှာလည်း တစ်သုတ်ပြီးတစ်သုတ်။

ထိုအထဲတွင် ကုလသမဂ္ဂအထူးသံတမန်ကြီး အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်လည်း ကူညီထောက်ပံ့ရန်အတွက် လေကြောင်းခရီးဖြင့် ဆိုက်ရောက်လာပြန်၏။

အပျက်အစီးအုတ်ကျိုးအုတ်ပဲ့များကြားတွင် အဆောက်အအုံပိနေသူများကို ရှာဖွေကယ်တင်သည့်အလုပ်ကလည်း မပြီးပြတ်သေး။

ထိုသို့ရှာဖွေရာတွင် လူသေလောင်းများ တွေ့လိုတွေ့၊ ဒဏ်ရာရသူများ တွေ့လိုတွေ့၊ ယခုအချိန်အထိ ရှာ၍ဖွေ၍မပြီး ....။

## ကယ်ဆယ်ရေး

ယနေ့ဆိုလျှင် ဟေတီတွင်ဧရာမမြေငလျင်ကြီးလှုပ်ခဲ့သည်မှာတစ်ပတ်ပင်ကျော်ခဲ့ပြီ။ သို့သော် မြေငလျင်ဒဏ် ပြန်လည်ထူထောင်ရေး ကယ်ဆယ်ရေးနှင့်လုပ်ငန်းများမှာ အထူးအာရုံစိုက်လုပ်ကိုင်နေရဆဲ။

"ကျုပ်တို့ကိုပစ်ထားကြပြီလား၊ မကယ်ကြတော့ဘူးလား။ ကျုပ်တို့စားစရာမရှိဘူး၊ စားစရာဘယ်မှာလဲ" ဟု ဂျိမ်းမိုက်ကယ်ဂျင်းတပ်ဆိုသူက ကယ်ပါယူပါတစာစာ အော်ဟစ်ပြောဆိုနေ၏။ ညည်းတွားနေရှာ၏။ သူ့လိုတောင်းစားနေသူတွေလည်း အများကြီး။

ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်(ဒဗလျူအက်ဖ်ပီ)ကလည်း ရိက္ခာအလုံအလောက်ကျွေးမွေးနိုင်ရေးအတွက် စီစဉ်နေ၏။ လာမည့်ရက် ၃၀ အတွက် ကျွေးမွေးစောင့်ရှောက်ဖို့လည်းလိုနေပြန်၏။ တကယ့်လိုအပ်ချက်ပါ။

"ဒီအကူအညီတွေဟာ ချက်ချင်းတော့ အလုံအလောက်ရောက်လာမယ်မထင်ဘူး" ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဟေတီမှအပြန်တွင် နယူးယောက်မြို့၌ ပြောကြားသတတ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည်လည်း ဟေတီနိုင်ငံသို့ရောက်သွားခဲ့၏။ ရင်နင့်ဖွယ် ပျက်စီးဆုံးရှုံးမှုများကို ကြည့်ရှုစစ်ဆေးခဲ့၏။ အခြေအနေဆိုးကို မသိကျိုးကျွန်လုပ်၍မရရှာ။

"လုပ်စရာ ကိုင်စရာ ကူညီထောက်ပံ့စရာကိစ္စဟူသမျှကို မြန်မြန်ထက်ထက်လုပ်ပါ။ မကြန့်ကြာပါစေနဲ့" ဟုလည်း မစ္စတာဘန်ကီမွန်းက တိုက်တွန်းပြောကြား၏။

နိုင်ငံတကာကယ်ဆယ်ရေးအသင်းများစွာတို့သည် အုတ်ကျိုးအုတ်ပဲ့များကြား၊ မီးရှို့ထားသည့် လူသေအလောင်းမီးခိုးများကြား မြေပိပြီးမသေမပျောက် ကျန်ရစ်နေနိုင်သေးသူများကို တူးဖော်ရှာဖွေနေဆဲတွေ့ရ၏။ ချွေးသံတလုံးလုံးနှင့်။

ဟေတီငလျင်ကြောင့် သေဆုံးရသူများသည် နိုင်ငံပေါင်းတစ်ဒါဇင်ရှိလူ ၂၃၀၀၀၀ ခန့်သေဆုံးခဲ့ရသည့် အိန္ဒိယသမုဒ္ဒရာ ဆူနာမီဘေးဒုက္ခကြောင့် သေဆုံးရသူဦးရေနှင့် ထပ်တူနီးပါးရှိနေသည်ကိုလည်း လေ့လာတွေ့ရှိနိုင်သည်ဟုဆိုသည်။

## တကြော်ကြော်အော်ငို

ဟေတီငလျင်ကြောင့် ဒဏ်ရာရရှိသူ ၂၅၀၀၀၀ခန့်ရှိပြီး အိုးမဲ့အိမ်မဲ့ တစ်သန်းခွဲရှိမည်ဟု ဥရောပကော်မရှင်မှ လေ့လာအကဲခတ်သမားများက ခန့်မှန်းသည်။ ယာယီတဲများတွင် ပလတ်စတစ်အိပ်ရာခင်း၊ ခြံစောင်များဖြင့်နေထိုင်ကြရသူများလည်း ဒုနှင့်ဒေး။

ထို့အပြင် ဖုံမှုန့်များအလိမ်းလိမ်းဖြစ်နေသည့်ကားများတွင် နေထိုင်ကြရသူများလည်း တစ်ပုံတစ်ခေါင်း။ တကြော်ကြော်အော်ငိုနေကြသူများလည်းမနည်း။

မြို့မှထွက်ခွာသည့်ကားများပေါ် လိုက်သွားသူများလည်းမရှား။

"ကျွန်မတို့မှာ စားစရာလည်းမရှိတော့ဘူး၊ ကုန်ပြီ။ နေစရာလည်းမရှိတော့ဘူး၊ သွားပြီ။ လောကကြီးမှာမနေဘဲ သေတာပဲအကောင်းဆုံး" ဟု အသက် ၂၂နှစ်အရွယ်အမျိုးသမီးဖြစ်သူ လီဗီနာလီဗယ်က အခါလည်သမီးလေးကိုချီ၍ အခြားဆွေမျိုးသားချင်း ခြောက်ဦးနှင့်အတူ သူမ၏ဖခင်နေထိုင်ရာ ဟေတီအနောက်တောင်ဘက်အစွန်းရှိ လက်စ်ကာယက်စ်မြို့သို့ ထွက်ပြေးနေရင်းပြောကြားသည်။

ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံများကလည်း တစ်နိုင်ငံချင်းအလိုက်ကူညီကြ၏။ လှူကြတန်းကြ၊ ပေးကမ်းကြ၏။ စေတနာ၊ မေတ္တာ၊ ကရုဏာဗရပွ။

ထောက်ပံ့ရေးပစ္စည်းများအား အကြမ်းဖက် လုယူထွက်ပြေးသူအချို့....။

ဥရောပသမဂ္ဂမှ လှူဒါန်းငွေစုစုပေါင်းက ယူရို ၄၂၂သန်း။

ဟေတီနိုင်ငံပြန်လည်ထူထောင်ရန် ဆယ်စုနှစ်အတန်ကြာလေဦးမည်။ ဤကား ပညာရှင်များ၏ ခန့်မှန်းချက်။

ဒိုမီနီကန်သမ္မတကမူ ဟေတီနိုင်ငံအနေဖြင့် လာမည့်ငါးနှစ်အတွက် အကူအညီ ၁၀ဘီလီယံလိုမည်ဟု ခန့်မှန်းထားသည်။

လောလောဆယ်တွင် သောက်ရေသန့်ရရှိရေးအတွက် အဓိကလိုအပ်ချက်ဖြစ်နေပြန်၏။ တစ်ပူပေါ်နှစ်ပူဆင့်။

မြေငလျင်ဒဏ်ခံစားရသည့်ဟေတီနိုင်ငံ မြို့တော်သို့ရောက်ရှိနေသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း။

ဗြိတိန်ဝန်ကြီးချုပ်ဂေါ်ဒွန်ဘရောင်းကလည်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လုပ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်သွားသင့်ပြီဖြစ်ကြောင်း ပြောကြားသွား၏။ ယခုအချိန်အထိ ဗြိတိသျှပြည်သူများ လှူဒါန်းငွေက ပေါင်စတာလင် ၂၅သန်း။ ဗြိတိန်အစိုးရက ဟေတီပြည်သူများ စားဝတ်နေရေး၊ ကျန်းမာရေးအတွက် လှူဒါန်းငွေက ပေါင်စတာလင်သန်း၂၀။

## ဖြန့်ဖြူးဝေငှပေး

ထိုအခြေအနေမျိုးတွင် မြေငလျင်ဒဏ်ခံ ဟေတီနိုင်ငံမြို့တော်၌ ထောက်ပံ့ရေးစခန်းများ တည်ဆောက်နေပြီဖြစ်ကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးတပ်ဖွဲ့များသည် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဖြူးဝေငှပေးလျက်ရှိကြောင်းလည်း သိရသည်။

## စောင့်မျှော်နေကြ

ဟေတီမြို့တော်လမ်းမများပေါ်တွင် အကူအညီကို စောင့်မျှော်နေကြသော ပြည်သူများစွာတို့က လမ်းများပေါ်တွင် စိတ်မရှည်နိုင်အောင်ဖြစ်ကြပြီး ဒေါသအမျက်ထွက်နေကြသည်ကိုလည်း တွေ့မြင်ကြရသည်။ ငွါဝမ်းပူဆာမနေသာတော့။

"ကမ္ဘာကြီးသည် ဟေတီနိုင်ငံနှင့်အတူ ရှိနေပါသည်ဆိုသည့် လက္ခဏာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထင်ထင်ရှားရှား သဲသဲကွဲကွဲပြလိုက်ခြင်းပင်ဖြစ်သည်" ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မြန်ထက်ထက် အကူအညီပေးခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ကျေးဇူးတင်ကြောင်း ဘန်ကီမွန်းကပြောကြားသည်။

"အရာရာတွေဆုံးရှုံးခဲ့ပါပြီ" ဆိုသော ဟေတီပြည်သူများအတွက် အကူအညီများ ချက်ချင်းအလုံအလောက် ရောက်မလာနိုင်သေးကြောင်း၊ သို့ရာတွင်မိမိတို့အနေဖြင့် အကူအညီပေးဖို့ နှေးရှေးပါ အပူတပြင်းကြိုးစားနေပါကြောင်း" ဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောစကားဖြင့်နှစ်သိမ့်နိုင်ရန် ဆန္ဒပြုရင်းနိဂုံးချုပ်လိုက်ရပါသတည်း။ ။

**ကိုးကား-အင်တာနက်**

---

# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

## ဟီပေပြည်နယ်၌ ဘတ်စ်ကားမှောက် ခြောက်ဦးသေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံမြောက်ပိုင်း ဟီပေပြည်နယ်တွင် ရေခဲများဖုံးနေသော လမ်းပေါ်၌ ဇန်နဝါရီ ၁၉ ရက်က ဘတ်စ်ကားတစ်စီး တိမ်းမှောက်သွားသဖြင့် ခြောက်ဦးထက်မနည်းသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာယာဉ်ထိန်းရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။ အဆိုပါကားပေါ်တွင် ၃၁ ဦး လိုက်ပါလာသည်။ **(အောက်ပုံ)**

## အာဖဂန်သို့ ဂျာမန်တပ်များထပ်ပို့ရန်ဆော်ဩ

**မြို့ပြပြန်လည်တည်ဆောက်မှု အောင်မြင်ရေးအတွက် အာဖဂန်နစ္စတန်နိုင်ငံ ကွန်ဒုဇ်ဒေသသို့ ဂျာမန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရမည်ဖြစ်ကြောင်း ဂျာမန်တပ်ဖွဲ့ သမဂ္ဂအကြီးအကဲ ဗိုလ်မှူးကြီးအူလ်ဒရက်ကိရှ်က ဇန်နဝါရီ ၂၀ရက်တွင် ပြောကြားသည်ဟု သတင်းရရှိသည်။**

## အယ်လ်ခိုင်ဒါအဖွဲ့ဝင်ဟု မသင်္ကာသူ ၁၃ ဦးအဖမ်းခံရ

တူရကီရဲတပ်ဖွဲ့သည် တူရကီမြို့တော် အင်ကာရာတွင် ဇန်နဝါရီ ၁၉ရက်က စစ်ဆင်ရေးတစ်ရပ်ပြုလုပ်ရာ၌ အယ်လ်ခိုင်ဒါအဖွဲ့ဝင်ဟု မသင်္ကာသူ ၁၃ဦးကိုဖမ်းဆီးလိုက်ကြောင်း အနာတိုလီယာသတင်းဌာနက သတင်းထုတ်ပြန်သည်။

## ဘာလင် နိုင်ငံတကာရုပ်ရှင်ပွဲတော် ကျင်းပမည်

**အကြိမ်(၆၀)မြောက် ဘာလင် နိုင်ငံတကာရုပ်ရှင်ပွဲတော် (ဘာလင်နေး)ကို ဖေဖော်ဝါရီ ၁၁ရက်တွင် တရုတ်ပထမတန်းရုပ်ရှင်ကားဖြင့် ပွဲဦးထွက် တင်ဆက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ယင်းပွဲတော်ကို ဘာလင်နေးပါလက်စ်မြို့၌ ကျင်းပမည်ဖြစ်သည်။**

## ရုရှားပညာရေးဖွံ့ဖြိုးမှု စီမံကိန်းဖော်ဆောင်မည်

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ် ဦးဆောင်သော ပညာရေးခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ရက်အနည်းငယ်အတွင်း တရားဝင်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း အီတာတတ်စ်သတင်းဌာနက ဇန်နဝါရီ ၁၉ရက်တွင် သတင်းထုတ်ပြန်သည်။ ယင်းစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ သန်း၅၀၀ခန့် အကုန်အကျခံ ဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

## တစ်ကမ္ဘာလုံးနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ကျဆင်း

တစ်ကမ္ဘာလုံးနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်)သည် ၂၀၀၉ ခုနှစ်တွင် ၄၀ ရာခိုင်နှုန်းနီးပါးကျဆင်းသွားကြောင်း ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ(အန်ံတက်)က ဇန်နဝါရီ ၁၉ ရက်တွင် ဂျီနီဗာသတင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

## တရုတ်ကျောင်းသားများ A(H1N1)ကာကွယ်ဆေးထိုးမည်

**တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကျောင်းသားများအား A(H1N1) တုပ်ကွေးရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းစေတနာ့ဝန်ထမ်း ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းအားလုံးကို လာမည့်နွေဦးရာသီ ပထမလအတွင်း အပြီးဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။**

## ဗာဂျီးနီးယား၌ ပစ်ခတ်မှုဖြစ်ပွား၊ ရှစ်ဦးသေဆုံး

အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်တွင် တစ်ကိုယ်တော် သေနတ်သမားတစ်ဦးက ဦးတည်ရာမဲ့ပစ်ခတ်သဖြင့် ရှစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ မီဒီယာက သတင်းဖော်ပြသည်။

## တောင်ကိုရီးယားယဉ်ကျေးမှုပစ္စည်းများ ပြည်ပ၌တွေ့ရှိ

**တောင်ကိုရီးယားနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းအမျိုးပေါင်း ၁၀၇၈၅၇ကို ပြည်ပနိုင်ငံများ၌ တွေ့ရှိထားကြောင်း တောင်ကိုရီးယား ယဉ်ကျေးမှုသုတေသနဌာနက ဇန်နဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။ ယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ အမျိုးသားသုတေသနဌာန၏ စာရင်းကောက်ယူချက်အရ ရရှိသော အချက်များကို သတင်းထုတ်ပြန်ခြင်းဖြစ်သည်ဟု သိရသည်။**

(အင်တာနက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးသာအေး မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာရှိ ပုဂ္ဂလိက နှစ်ရှည် ကျွန်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

အမှတ်(၃) ခရိုင်ချင်းဆက်လမ်း (ကချင်ပြည်နယ်) ဖောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူတို့က လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**တိုးချဲ့တည်ဆောက်**

ဆက်လက်၍ မြစ်ကြီးနားမြို့နယ်ရှိ နယ်မြေခံတပ်၏ ရော်ဘာတစ်အုပ်တစ်မ စိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုနှင့် ပူတာအိုမြို့၌ ပူတာအိုလေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံမှာကြား**

ထို့နောက် ပူတာအိုမြို့နယ် နောင်ခိုင်ကျေးရွာနှင့် မချမ်းဘောမြို့နယ်တို့ကို ဆက်သွယ်ထားသည့် မလိခ မြစ်ကူးကြိုးတံတား၏ ကြံ့ခိုင်မှုကို ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြား၍ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ မချမ်းဘောမြို့နယ် ဂူဘားခန်းမ၌ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြ၍ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဒေသခံ တိုင်းရင်းသားများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် မချမ်းဘောမြို့နယ် ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ မချမ်းဘောမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် ဂူဘားရိပ်သာရှိ ဌာနဆိုင်ရာ စပေါင်းလက်ဖက်ပျိုးခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ပေးအပ်**

ဆက်လက်၍ ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးမှာကြားကာ ဒေသခံ တိုင်းရင်းသားများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးသည် ပူတာအိုမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ ဒေသခံတိုင်းရင်းသူများ၏ စက်ချုပ်ပညာသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသူများနှင့် ဆရာမများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် တိုင်းမှူးဗိုလ်ချုပ်တင်ငွေ တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဇန်နဝါရီ ၂၀

**မန္တလေးမြို့ ၁၂လမ်း (၈၄လမ်းနှင့် ၈၆လမ်းကြား) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၁ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါ လမ်းသစ်ထိပ်၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေတက်ရောက်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့သည် လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ (ယာအောက်ပုံ)လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံငယ်များကို တိုင်းမှူးနှင့် မြို့တော်ဝန်တို့ထံ တာဝန်ရှိသူက ပေးအပ်သည်။**

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လမ်းသစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၂၂-၁-၂၀၁၀

၀၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၀၇:၀၅ တရားတော်
**အာဋ္ဌာနာဋိယသုတ်**
ဓမ္မပူဇာတေးပဒေသာ
၀၇:၃၀ (၃၈)ဖြာမင်္ဂလာ
၀၇:၃၅ နံနက်ခင်းတေးပဒေသာ
၀၈:၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၀၈:၁၀ နံနက်ခင်းတေးပဒေသာ
၀၈:၃၀ ပြောပါရစေရှင် (ပွေ့ချီထားပါရစေ)
၀၈:၃၅ တေးပဒေသာ
၀၉:၀၀ အစီအစဉ်ပြီး၏။

၁၀:၀၀ သောတရှင်လိုရာတေး
၁၀:၃၀ သတင်းစာအာဘော်
၁၀:၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ လေလှိုင်းကြားက ပွဲတင်သံ
၁၁:၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂:၀၀ စံတော်ချိန်
ဆိုကြပျော်ရွှင် တေးသံစဉ်
(INTERMEDIATE LEVEL-10)
၁၂:၁၀ အလုပ်အကိုင်အခွင့်အလမ်း
(စက်မှု/ သက်မွေးဦးစီး)
၁၂:၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။

၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ Music Talk (7)
တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ
နိုင်ငံရေးဦးတည်ချက်
၁၈:၄၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉:၂၅ ဇာတ်လမ်းပမာနားဆင်စရာ
(ချစ်ကြရာဝယ်)
၁၉:၄၅ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ
(သန်းသန်းစိုး)
စီးပွားရေးဦးတည်ချက်
တေးပဒေသာ
၂၁:၀၀ ဆောင်းပါး(အကောင်းမြင်)
ခံစားနားဆင်မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ

# ဝန်ကြီးဖလားနှင့်(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ခြင်းလုံးခတ်ပြိုင်ပွဲအတွက် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

*ရန်ကုန် ဇန်နဝါရီ ၂၀*

*၂၀၁၀ခုနှစ် ဆဋ္ဌမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ [The 6th Sports Minister's Trophy Myanmar Traditional CHI LONE (Cane-ball) Contest and the 36th Inter-State / Division Myanmar Traditional CHI LONE (Cane-ball) Contest] များကို မတ် ၁၄ရက်မှစတင်၍ မန္တလေးတိုင်း မန္တလေးမြို့ရှိ ဇထူးအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၆ရက်တွင် မန္တလေးမြို့ရှိ ဟိုတယ်မန္တလေးစံပယ်ဖြူခန်းမ၌ ကျင်းပသည်။*

***တက်ရောက်***

*အဆိုပါ အကြိုညှိနှိုင်းအစည်းအဝေးသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးဝင်းမောင်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးတင့်နှင့် အမှုဆောင်များ၊ မန္တလေးတိုင်းရှိ မြန်မာ့ရိုးရာ ခြင်းလုံးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။*

*ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၂)ဦးဝင်းမောင်တို့က အမှာစကားပြောကြားကြသည်။*

***ရှင်းလင်း***

*ထို့နောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ကို ၁၉၅၃ခုနှစ်က စတင်ဖွဲ့စည်းတည်ထောင်ပြီးနောက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့်တိုင်းအနှံ့ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပခဲ့ကြောင်း၊ ယခုမန္တလေးမြို့၌ ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် ဝန်ကြီးဖလားနှင့် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ် ပြိုင်ပွဲများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီး မြန်မာ့ရိုးရာခြင်းလုံးခတ် အားကစားနည်းသမိုင်းကို အကျယ်တဝင့်ပြောကြားသည်။*

*ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ပထမအကြိမ် အထက်မြန်မာပြည် မန္တလေးမြို့၌ ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် ဝန်ကြီးဖလားနှင့် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရမည့် လုပ်ငန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က ပံ့ပိုးပေးရမည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။*

*ထို့နောက် အကြိုညှိနှိုင်းအစည်းအဝေး၏ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မြန်မာ့ရိုးရာ ခြင်းလုံးခတ်အသင်းအဖွဲ့များမှ တာဝန်ရှိသူတို့က ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုသော မြန်မာ့ရိုးရာခြင်းလုံးအားကစား၏ စည်းမျဉ်းဥပဒေအချက်အလက်များကို မေးမြန်းကြရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြသည်။*

*အဆိုပါပြိုင်ပွဲများ၏ အမျိုးသား၊ အမျိုးသမီးအလွတ်တန်း အလှခတ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့ရိုးရာခြင်းလုံးခတ်အသင်းများသည် ဖေဖော်ဝါရီ ၁၅ရက် နောက်ဆုံးထား၍ ပြိုင်ပွဲဝင်မည့် အသင်းများ၏ ဓာတ်ပုံနှင့်တကွ ပြိုင်ပွဲဝင်အမည်စာရင်းများကို မန္တလေးမြို့ရှိ ဇထူးအားကစားကွင်း(မန္တလေးတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန)သို့ ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။* ***(သတင်းစဉ်)***

# အမှတ်ပေး ချန်ပီယံ ရတနာပုံအသင်း၏ အောင်ပွဲခံခရီးစဉ် ပြည်သူများ တစ်ခဲနက်ကြိုဆို

**မန္တလေး ဇန်နဝါရီ ၂၀**

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် ရတနာပုံဘောလုံးအသင်းသည် ယနေ့နံနက်၁၁နာရီ ၅၀မိနစ်တွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ သွားရောက် ၍ ဒေသခံပြည်သူများနှင့်အတူ အောင်ပွဲခံခဲ့ကြသည်။

**ရမှတ်**

မန္တလေးတိုင်း ကိုယ်စားပြု ရတနာပုံအသင်းသည် MNL အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် (၁၄)ပွဲ ကစားရာ၌ ၂၉မှတ်ရရှိပြီး ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ရတနာပုံအသင်းမှာ ပြီးခဲ့သည့် MNL Cup ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲခဲ့ရာ နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲခဲ့ခြင်းလည်း ဖြစ်သည်။ အသင်းပိုင်ရှင် ဒေါက်တာစိုးဆမ်ထွန်း ခေါင်းဆောင်သည့် အောင်ပွဲရ မန္တလေးတိုင်း ဂုဏ်ဆောင် ရတနာပုံအသင်းသည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိလာရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အောင်ပွဲရ ရတနာပုံအသင်းသည် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မန္တလေးမြို့အထိ အထူးစီမံထားသော ကားငယ်များဖြင့် လှည့်လည်အောင်ပွဲခံကြသည်။ မန္တလေးမြို့ခံပရိသတ်များအတွက် ဒုတိယမြောက် ချန်ပီယံဆုဖလား ရယူပေးနိုင်ခဲ့သည့် ရတနာပုံအသင်းကို လေဆိပ်အထွက်မှစ၍ နေပူပူတွင် လမ်းဘေးဝဲယာတစ်လျှောက်မှ ကြိုဆိုခဲ့ကြသည်။ မန္တလေးမြို့အဝင် ၇၈ လမ်းမပေါ်တွင် တစ်ခဲနက်ကြိုဆိုကြသူများကြောင့် လမ်းများပြည့်ကျပ်ရသည်အထိဖြစ်ခဲ့ပြီး မန္တလေးမြို့ပေါ်တွင် ''ချန်ပီယံရတနာပုံ''၊ ''အားသစ်မာန်သစ်ရတနာပုံတစ်ခေတ်'' သီချင်းသံများဖြင့် ဖုံးလွှမ်းသွားခဲ့သည်။ အသင်းပိုင်ရှင် ဒေါက်တာ စိုးဆမ်ထွန်း အပါအဝင် ရတနာပုံအသင်းသားများ၏ စွမ်းဆောင်မှုများကို မန္တလေးဒေသခံ ပရိသတ်များက ဂုဏ်ပြုနေသည့် အချိန်သမယလည်းဖြစ်ခဲ့သည်။ ထို့အတူ ကျုံးဘေး ၂၆လမ်းတွင်လည်း ရတနာပုံအသင်းအား သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

**မှတ်တမ်းရေးထိုးနိုင်**

ရတနာပုံအသင်းသည် မြန်မာ့ဘောလုံးပရိစနစ်ကူးပြောင်းပြီး ကျင်းပသည့် ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲနိုင်သည့် အသင်းအဖြစ် သမိုင်းမှတ်တမ်း ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

**အောင်ပွဲရ ရတနာပုံအသင်းအား ဒေသခံပရိသတ်များက တစ်ခဲနက် ကြိုဆိုခဲ့ကြစဉ်။** (မြန်မာ့အလင်း)

# ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေးလမ်း B.O.T စနစ်ဖြင့် ဆောင်ရွက်ရန်နှင့် တရုတ်နိုင်ငံ ဝမ်တိန်မြို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်တို့ စာချုပ် ချုပ်ဆိုပွဲ

## ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၀

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇန်နဝါရီ ၁၉ရက် ည ၇နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသော ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေးလမ်း၌ B.O.T စနစ်ဖြင့် ဆောင်ရွက်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပဋိညာဉ်စာချုပ် ချုပ်ဆိုပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

### လက်မှတ်ရေးထိုး

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ အဖွဲ့ဝင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် B.O.Tစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ကြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် B.O.Tစနစ်ဖြင့် ဆောင်ရွက်မည့် ပုဂ္ဂလိကလုပ်ငန်းရှင် ခုနစ်ဖွဲ့တို့က ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေးလမ်း ပြုပြင်ဖောက်လုပ်၊ လုပ်ငန်းလုပ်ကိုင်လွှဲပြောင်းပေးရေး ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

### အမှာစကားပြောကြား

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝမ်တိန်မြို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်တို့၏ တုန်ခန်-မန့်မိုင်(ကျင်စန်းကျော့)လမ်း တိုးမြှင့်ပြုပြင်ရေးစာချုပ် ချုပ်ဆိုပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားသည်။

### အပြန်အလှန်

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆယ်၊ ဒုတိယ ဦးဆောင်ညွှန်ကြား ရေးမှူး ဦးကျော်လင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဝမ်တိန်မြို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်မှ မစ္စတာ တန်ဝေကျောင်နှင့် မစ္စတာရန်ဝေပင်တို့က တုန်ခန်-မန့်မိုင် (ကျင်စန်းကျော့)လမ်း တိုးမြှင့်ပြုပြင်ရေးဆိုင်ရာ စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ဝမ်တိန်မြို့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဇုန်မှ မစ္စတာတန်ဝေကျောင်က ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီး များ၊ ဒုတိယဝန်ကြီးများနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝမ်တိန်မြို့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဇုန်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေးလမ်း၌ B.O.T စနစ်ဖြင့် ဆောင်ရွက်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပဋိညာဉ်စာချုပ် ချုပ်ဆိုပွဲနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝမ်တိန်မြို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်တို့၏ တုန်ခန်- မန့်မိုင်(ကျင်စန်းကျော့)လမ်း တိုးမြှင့် ပြုပြင်ရေးစာချုပ် ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (ဆောက်လုပ်ရေး)

# မြဝတီရုပ်မြင်သံကြား

၂၁-၁-၂၀၁၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၀ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၅။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ် ချိုနားဝင် |
| ၇း၄၅ | ၇။ | **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇း၅၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | ၄။ | အမျိုးသားရေးတေးကဗျာ |
| ၄း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၄၅ | ၆။ | သီဆိုဖြေဖျော် တစ်ကိုယ်တော် |
| ၅း၃၀ | ၇။ | မွေးမြူသုတ |
| ၅း၄၅ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၅ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၀ | ၁၁။ | လျှပ်တစ်ပြက် |
| ၆း၂၅ | ၁၂။ | ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၆) |
| ၇း၀၀ | ၁၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၄၁) |
| ၈း၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | ရှေးဟောင်းသုတ |
| | ၁၉။ | အနုပညာရှင်၏ တစ်နေ့တာ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာ ပျိုကညာ** (အပိုင်း-၄) |

# စာကြည့်တိုက်များ ဆောက်လုပ်ရေး ရွှေကူမြို့၌ ကွင်းဆင်းဆောင်ရွက်

ရွှေကူ ဇန်နဝါရီ ၂၀

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ရွှေကူမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အသိပညာ စာပေဗဟုသုတ မြင့်မားတိုးတက်စေရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင် လျက်ရှိရာ မြို့နယ်အတွင်းဖွင့်လှစ်ရန် ကျန်ရှိနေသည့်ကျေးရွာများကို သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်နှင့်အတူ ဓာတ်ပုံ ကျွမ်းကျင်(၂) ဦးကျော်သူဆန်းလိုက်ပါလျက် ဇန်နဝါရီ ၁၅ရက်က သပြေလှကျေးရွာ တောဇ စာကြည့်တိုက်၊ မဏိသြဂကျေးရွာ ပညာကမ္ဘာစာကြည့်တိုက်သို့ရောက်ရှိကာ သတ်မှတ်စံ(၅)ချက်နှင့်ကိုက်ညီ၍ စနစ်ကျသောစာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် ကျေးရွာ ဥက္ကဋ္ဌ ဦးဝင်းကျော်၊ ဦးလူလှ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။

### ဆွေးနွေးညှိနှိုင်း

အလားတူ ဇန်နဝါရီ ၁၇ရက်က မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်နှင့်အတူ ရုပ်သံကျွမ်းကျင်(၃) ဒေါ်သူဇာမြင့်၊ အငယ်တန်းစာရေး ဒေါ်ခင်မိမိမြတ်တို့သည် တိန်းဟွန်း ကျေးရွာ စာပေအလင်းတန်းစာကြည့်တိုက် ဆောက်လုပ်နေမှုနှင့် သရက်ကုန်းကျေးရွာ စာပေပဒေသာစာကြည့်တိုက်သို့ရောက်ရှိကာ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့်ပြည့်စုံရေး၊ စာဖတ်ရှိန် မြှင့်တင်ရေးနှင့် စာငှားစနစ် မှန်ကန်စွာကျင့်သုံးရေး တို့အတွက် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအီဆာ၊ ဦးမြင့်ငွေတို့နှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

"အရင်ကဆိုရင် ကျွန်တော်တို့တတွေ တောကြိုအုံကြားမှာ နေခဲ့ရပါတယ်။ အခုရွာမှာနေရတာ သိပ်ပျော်တယ်။ နောင်ကိုလည်း ဒီအတိုင်း ဆက်နေသွားမှာပါ"ဟု မြို့သစ်ဖွံ့ဖြိုးရေးတာဝန်ခံ ဦးအောင်မျိုးမြင့်က မြန်မာ့အလင်းကို ဤသို့ ရှင်းပြသည်။ (မြန်မာ့အလင်း)

❐ ရှေ့ဖုံးမှ

နမ္မနကျေးရွာသည် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း တည်ရှိပြီး ရထားလမ်းနံဘေး၌ တည်ရှိသည်။ ယင်းကျေးရွာကို ယခုအခါ မြို့တစ်မြို့ဖြစ်လာရေး ကြိုးပမ်းတည်ဆောက်နေကြောင်း သိရသည်။

### မြို့ပြအဖြစ်

အဆိုပါ နမ္မနကျေးရွာကို မြို့ပြအဖြစ် တည်ဆောက်နေခြင်းနှင့်စပ်လျဉ်း၍ သတင်းအဖွဲ့ သတင်းစုဆောင်းရေးသားနိုင်ရန် မိုးကောင်းမြို့မှတစ်ဆင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် သွားရောက်လေ့လာခဲ့ကြသည်။ နမ္မနကျေးရွာသည် မိုးကောင်းမြို့ တောင်ဘက် မိုင်၂၀အကွာတွင် တည်ရှိသည်။ မီးရထား၊ ကားတို့ဖြင့် သွားရောက်နိုင်သည်။ ယခုအခါ နမ္မနကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများဖြစ်သည့် ပင့်သာနှင့် အုန်းဘောင်ကျေးရွာများအပါအဝင် ကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည့်အပြင် တစ်နေရာမှ တစ်နေရာသို့ ဆက်သွယ်ပြောဆိုနိုင်သည့် ဆက်သွယ်ရေးမှာလည်း တိုးတက်ကောင်းမွန်လာပြီ ဖြစ်သည်။

### အသုံးပြု

နမ္မနကျေးရွာအတွင်း အော်တိုအိတ်ချိန်းဖုန်းနှစ်လုံးနှင့် လက်လှည့်အိတ်ချိန်းဖုန်းအလုံး ၅၀တို့ကိုလည်း တပ်ဆင်အသုံးပြုနေပြီဖြစ်သည်။

### တည်ဆောက်

ထူးခြားသည်မှာ နမ္မနကျေးရွာနှင့် တစ်ဆက်တစ်စပ်တည်း မြို့သစ်စီမံကိန်း တစ်ခု အကောင်အထည်ဖော် တည်ဆောက်နေခြင်းဖြစ်သည်။ ယခုအခါ နမ္မနရွာကို အခြေပြု၍ အိမ်သစ်၊ ရွာသစ်၊ မြို့သစ် တည်ဆောက်၍ အေးအေးချမ်းချမ်း၊ ငြိမ်းငြိမ်းချမ်းချမ်း လူမှုဘဝကို တည်ဆောက်လျက်ရှိသည်။

### ပြောကြား

"အရင်တုန်းကဆိုရင် ကျွန်တော်တို့ တစ်တွေဟာ တောကြိုအုံကြားမှာနေရပါတယ်။ အခုရွာမှာနေရတာ သိပ်ပျော်တယ်။ နောင်ကိုလည်း ဒီအတိုင်းပဲ ဆက်နေသွားမှာပါ။ နေနိုင်အောင်လည်း ကြိုးစားမှာပါ" ဟု မြို့သစ်ဖွံ့ဖြိုးရေးတာဝန်ခံ ဦးအောင်မျိုးမြင့်က မြန်မာ့အလင်းသို့ ပြောကြားသည်။

နမ္မနကျေးရွာနှင့် ဆက်စပ်လျက် မြို့သစ်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ မြို့တွင်းလမ်းများနှင့် နေအိမ်တိုက်တာအသစ်များ တည်ဆောက်နေသည်ကို တွေ့ခဲ့ရသည်။

"ကျွန်တော်တို့ ဒီမြို့သစ်စီမံကိန်းကို ၂၀၀၄ခုနှစ်က စတင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ၂၀၂၀ပြည့်နှစ်အထိ တည်ဆောက်သွားမှာပါ။ လက်ရှိအိမ်ခြေ ၂၀၀လောက် တည်ဆောက်ပြီးစီးနေပါပြီ။ လက်ရှိမြို့သစ် တည်ဆောက်ဖို့ ဧက ၁၅၀ လောက် ယူထားပါတယ်"ဟု ဦးအောင်မျိုးမြင့်က ဆက်လက်ရှင်းပြသည်။

### အောင်ချက်

နမ္မနကျေးရွာ အထက်တန်းကျောင်းခွဲတွင် နှစ်ထပ်ကျောင်းဆောင်သစ်ကြီးကိုလည်း ၂၀၀၇ခုနှစ်က ဆောက်လုပ်၍ လှူဒါန်းထားသည်ကို တွေ့ရသည်။ ထို့အပြင် ပညာရေးအခက်အခဲရှိသော ကျောင်းသား ကျောင်းသူများကိုလည်း အခမဲ့ သင်ကြားပေးလျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် နမ္မနကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲမှ အောင်ချက် ၄၆ ဒသမ ၁၅ ရာခိုင်နှုန်းရှိကြောင်း ကြားသိရသည်။

### အကောင်အထည်ဖော်

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး အစစအရာရာ မိမိတို့၏ ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ငြိမ်းငြိမ်းချမ်းချမ်း၊ အေးအေးချမ်းချမ်း ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်သည်။ ရရှိထားပြီးဖြစ်သော ငြိမ်းချမ်းရေး အသီးအပွင့်များ ဆက်လက်ဝေဆာနေစေရန် ထိန်းသိမ်းလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီ ရှေ့သို့လှမ်းချီကြမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ကချင်ပြည်နယ်ရောက် သတင်းခရီးသည်တို့ တွေ့မြင်ခဲ့ရသည့် မြင်ကွင်းကို ရေးသားတင်ပြ လိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**မိုးကောင်းမြို့နယ် နမ္မနကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲကို ဤသို့ တွေ့ခဲ့ရသည်။** (မြန်မာ့အလင်း)

21-1 (07).pmd 1 1/21/2010, 2:08 AM

# (CLMV) နိုင်ငံများအတွင်း ယဉ်ကျေးမှုဆက်စပ်ပေါင်းစည်းခြင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးများ၏ စားပွဲဝိုင်းအစည်းအဝေးသို့

## တက်ရောက်လာကြသော ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအား ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ကြိုဆိုဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇန်နဝါရီ ၂၀

**ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) နိုင်ငံများအတွင်း ယဉ်ကျေးမှုဆက်စပ်ပေါင်းစည်းခြင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးများ၏ စားပွဲဝိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများမှ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ညောင်ဦးလေဆိပ်သို့ ရောက်ရှိကြသည်။**

**ဖူးမြော်ကြည်ညို**

ယင်းနောက် ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီ၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ အာနန္ဒာဘုရားနှင့် ဝက်ကြီးအင်း ဂူပြောက်ကြီးဘုရားတို့ကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် CLMV နိုင်ငံများအတွင်း ယဉ်ကျေးမှု ဆက်စပ်ပေါင်းစည်းခြင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အကြိုညှိနှိုင်းအစည်းအဝေးကို ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျင်းပရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး CLMV နိုင်ငံများမှ ယဉ်ကျေးမှုနှင့်အနုပညာ အဆင့်မြင့်အရာရှိကြီးများက CLMV နိုင်ငံများအတွင်း ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

**ဆွေးနွေးသုံးသပ်**

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းဝင်းက CLMV နိုင်ငံများအတွင်း ခရီးသွားလာရေးလုပ်ငန်း မြှင့်တင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်လတ်က CLMV နိုင်ငံများအတွင်း ပူးပေါင်းဆက်သွယ် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသော အဆင့်မြင့်အရာရှိကြီးများက CLMV နိုင်ငံများအတွင်း ယဉ်ကျေးမှုဆက်စပ်ပေါင်းစည်းခြင်းဆိုင်ရာ နေပြည်တော်ကြေညာချက် (၂၀၁၀) တွင်ပါဝင်မည့် အကြောင်းအရာများနှင့် CLMV နိုင်ငံများအတွင်း ယဉ်ကျေးမှုဆက်စပ် ပေါင်းစည်းခြင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးများ၏ စားပွဲဝိုင်းဆွေးနွေးပွဲသို့တင်ပြမည့် အစီရင်ခံစာတို့ကို ဆွေးနွေးသုံးသပ်အတည်ပြုကြကာ အကြိုညှိနှိုင်းအစည်းအဝေးကို ရပ်နားလိုက်သည်။

ညနေပိုင်းတွင် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများမှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်၊ ပုဂံနန်းတော်ရာ တူးဖော်မှု၊ ပုဂံရွှေနန်းတော်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး မြင်းကပါဂူပြောက်ကြီးဘုရားနှင့် လောကနန္ဒာစေတီတို့ကို ဖူးမြော်ကြည်ညိုကြသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် ညပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ပုဂံ Aureum Palace Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် ကြိုဆိုတည်ခင်းဧည့်ခံရာ ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာဖြင့် ဧည့်ခံဖျော်ဖြေ တင်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် အမှတ် ၆၉ သစ်စက် မီးဘေးအန္တရာယ်တားဆီးရေးနှင့် ငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ပွဲကို ဒီဇင်ဘာ ၂၂ရက်က အမှတ် ၆၉ သစ်စက် ဗောဓိကုန်းတွင် ကျင်းပရာ စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးထွန်းသိန်းနှင့် စက်ရုံဝန်ထမ်းများ၊ မိသားစုများ တက်ရောက်ကြပြီး မြို့အရန် မီးသတ်တပ်ဖွဲ့နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ စက်ရုံမီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကားဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြလေ့ကျင့်ကြစဉ်။ (၃၁၆)

# မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလ…

## ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် လှည့်လည်ကြည့်ရှုစ…

နေပြည်တော် ဇန်နဝါရီ ၂၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အ… တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၆ရက်တွင် မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူ… စက်ရုံ ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒု… လိုအပ်သည်များကို မှာကြားကာ အရည်အသွေးစစ်ဆေးရေးဌာနအတွင်း ကုန်ကြမ်းပစ္စည်းများ အရည်အသွေးစစ်ဆေးနေမှု၊ ဘွိုင်… လည်ပတ်နေမှုနှင့် ဆပ်ပြာတောင့်ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။**

**မှာကြား**

ထို့နောက် ပေါင်မြို့နယ် ကျုံက ကျေးရွာအနီးရှိ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ကျုံကဥယျာဉ်ခြံ ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတို့၏ ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က လိုအပ်သည်များကို မှာကြားပြီး ဥယျာဉ်ခြံအတွင်း ဒူးရင်း၊ မင်းကွတ်နှင့် စပျစ်များ ပျိုးထောင်ထားရှိမှုနှင့် တီကျစ်စာမြေဆွေးများ ထုတ်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား တွေ့ဆုံ၍ ဒေသနှင့်ကိုက်ညီသည့်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပေါင်မြို့နယ် နွားလပို့တောင်လမ်း သစ်တောရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းများဆောင်ရွက်…

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု၍ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စစ်ကဲကုန်းရပ်ကွက် တောင်ရိုးတန်းလမ်းနှင့် အရေးပိုင်ကုန်း လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်က လမ်းမုခ်ဦးရှေ့တွင်ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်နှင့် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၁၄)

# ကွန်ပျူတာနှင့် အီလက်ထရွန်နစ်ပစ္စည်းများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၂၀**

*T.Z WORLD ကုမ္ပဏီက ရန်ကုန်မြို့ရှိ ရုံးသူရုံးသားများ၊ ကျောင်းသူကျောင်းသားများနှင့် ပြည်သူများအတွက် ကွန်ပျူတာနှင့် အီလက်ထရွန်နစ်ပစ္စည်းများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသည့် အရောင်းဆိုင်ကို ဇန်နဝါရီ ၄ရက်တွင် ရန်ကုန်တိုင်း ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းမ (သဒ္ဒါရုံနှင့် ဝက်စုမှတ်တိုင်ကြား) အမှတ် ၁၅၃ ဖွင့်လှစ်လိုက်သည်။*

***အရစ်ကျ***

*အဆိုပါ T.Z WORLD အရောင်းဆိုင်က ဂျပန်ပစ္စည်း နာမည်ကြီးတံဆိပ်များဖြစ်သည့် ကွန်ပျူတာ၊ ရေခဲသေတ္တာ အမျိုးမျိုး၊ အဝတ်လျှော်စက် အမျိုးမျိုး၊ လေအေးပေးစက်များ၊ တီဗွီ၊ စက်ဘီးနှင့် EVD ၊ စပီကာဆောင်းဘောက်အန့်နှင့် ပန်ကာအမျိုးမျိုးတို့ကို ရွေးချယ်ဝယ်ယူနိုင်ပြီး အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။*

*အရစ်ကျစနစ်ဖြင့် ရောင်းချရာတွင် ဝယ်ယူသူ၏ မှတ်ပုံတင်(မိတ္တူ)၊ အိမ်ထောင်စုစာရင်း(မိတ္တူ)၊ နေထိုင်ကြောင်း ရပ်ကွက်ထောက်ခံစာ(မူရင်း)တို့အပြင် ထောက်ခံသူတစ်ဦး၏ မှတ်ပုံတင်(မိတ္တူ)နှင့် အိမ်ထောင်စုစာရင်း(မိတ္တူ)တို့ကို တင်ပြရမည်ဖြစ်ပြီး ပစ္စည်းယူသည့်နေ့တွင် တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းပေးချေကာ ပထမရက် ၃၀ပြည့်သည့်နေ့တွင် ၂၅ရာခိုင်နှုန်းနှင့် ဒုတိယရက် ၃၀ပြည့်သည့်နေ့တွင် ၂၅ရာခိုင်နှုန်း စသည်ဖြင့် သုံးရစ်ပေးသွင်းသွားရမည်ဖြစ်ကြောင်း သိရသည်။*

***စီစဉ်ဆောင်ရွက်***

*ပစ္စည်းတန်ဖိုး ထက်ဝက်ရှိရုံမျှဖြင့် ပစ္စည်းတစ်ခုရရှိနိုင်ပြီး အိမ်တိုင်းခေတ်မီပစ္စည်းများ အသုံးပြုနိုင်သည့် အခွင့်အရေး ရရှိနေကြသည့်အတွက် ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းမကြီးရှိ အရောင်းဆိုင်အပြင် ရန်ကုန်-အင်းစိန်လမ်းမကြီး သမိုင်းလမ်းဆုံ ကုလားကျောင်း (မြဂန္ဓမာဈေးရှေ့)နှင့် ညောင်လေးပင် (ရွှေကျင်-မဒေါက်)လမ်းဆုံတို့၌ တိုးချဲ့ဖွင့်လှစ်ထားကာ မကြာမီ နေပြည်တော်ပျဉ်းမနား၌လည်း T.Z WORLD အရစ်ကျအရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။* ***(သတင်းစဉ်)***

# အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း နေပြည်တော်တပ်ကုန်း၌ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော စီးပွားရေးစောင့်ရှောက်မှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ခင်သန်းဝင်း၊ လူမှုရေးစောင့်ရှောက်မှု လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်နွယ်နွယ်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၄ရက် နံနက်၈နာရီခွဲတွင် နေပြည်တော် တပ်ကုန်း မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည့် သက်ကြီးဘိုးဘွားများ ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်မှု ခံယူလျက်ရှိသော ဘိုးဘွားများအား တွေ့ဆုံကာ လှူဒါန်းငွေနှင့် လှူဒါန်းပစ္စည်းများကိုပေးအပ်ပြီး အခမ်းအနားသို့ မတက်ရောက်နိုင်ကြသော သက်ကြီးဘိုးဘွားများထံ အိမ်တိုင်ရာရောက်သွားရောက်၍ အလှူငွေနှင့်ပစ္စည်းများကို လှူဒါန်းကြကာ စေတနာ့ဝန်ထမ်း အသင်းဝင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။ **(သတင်းစဉ်)**

# တောင်ပိုင်းဒေသများ၌ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၀

__ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်၊ ကယားပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

__ထူးခြားသည့် အခြေအနေမှာ__ ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံတောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အားပျော့သွားမည်ဟု ခန့်မှန်းရသည်။

__ဇန်နဝါရီ ၂၁ရက်ညနေအထိ ခန့်မှန်းချက်မှာ__ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာဖွယ်ရာရှိပြီး ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအသင့်အတင့် ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

__ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၃၇၁ခုနှစ်၊ တပို့တွဲလဆန်း(၇)ရက် (အဖိတ်နေ့)**

**၂၁-၁-၂၀၁၀ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်) |
| ၇:၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈:၀၀ | ၆။ | အကပဒေသာ |
| ၈:၁၀ | ၇။ | ပါရာဇွပ်တံတား |

# အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
# ဇော် လှည့်လည်ကြည့်ရှုစစ်ဆေး

ဲ့တော် ဇန်နဝါရီ ၂၀

ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဇန်နဝါရီ ၁၆ရက်တွင် မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကျေးရွာအနီးရှိ ပဒုမ္မာဆပ်ပြာ န်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က ွင်း ကုန်ကြမ်းပစ္စည်းများ အရည်အသွေးစစ်ဆေးနေမှု၊ ဘွိုင်လာကို စပါးခွံလောင်စာဖြင့် တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြားပြီး
င်းကွတ်
း‌ရှိမှုနှင့်
လုပ်ထား
ဒေသခံ
ဒေသ
တိုးချဲ့

စိုက်ပျိုးရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ပေါင်မြို့နယ် နွားလပို့တောင်လမ်း သစ်တောရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ မြေပြုပြင်ထားရှိမှုနှင့် ယာယီပျိုးဥယျာဉ်အတွင်း ကျွန်းပင်များ ပျိုးထောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

## ရင်းရင်းနှီးနှီးတွေ့ဆုံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ပေါင်မြို့နယ် ဖြူဘကျေးရွာ နွေစပါးစိုက်ခင်း၌ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ မျိုးကောင်းမျိုးသန့်အထွက်ကောင်းစပါးကို တိုးချဲ့စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

## ချီးမြှင့်ငွေများပေးအပ်

ထို့နောက် တာဝန်ရှိသူတို့က မိုးစပါးစိုက်ပျိုးနိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က စိုက်ပျိုးရေစနစ်တကျပေးဝေရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး နွေစပါးစိုက်ခင်းအတွင်း ဒေသခံတောင်သူများ၏ စုပေါင်းမြေဩဇာကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများအား ချီးမြှင့်ငွေများကို ပေးအပ်သည်။

## ကတိုက်ရေလှောင်တမံ

ဆက်လက်၍ ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီးရှိ ကတိုက်ရေလှောင်တမံ တည်ဆောက်ပြီးစီးမှုနှင့် ရေဝင်မှု အခြေအနေတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

## ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပဒုမ္မာ ဆပ်ပြာစက်ရုံ

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်ဇော် ပေါင်မြို့နယ် သဲဖြူကျေးရွာအနီးရှိ ပဒုမ္မာ ဆပ်ပြာစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စစ်ကဲကုန်း ဇန်နဝါရီ ၂ရက်က လမ်းမုခ်ဦးရှေ့တွင်ကျင်းပရာ ၁) ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်နှင့် ွတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၁၄)

## ထူးခြားသည့် ညအပူချိန် ၂၀-၁-၂၀၁၀

| | | |
|---|---|---|
| လှိုင်လင်မြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| ဟားခါးမြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၅ | ဒီဂရီစင်တီဂရိတ် |

ဂ်လား
၂နာရီခွဲ
ခဲ့သော
်ကျော်
ည်နယ်၊
ဖွယ်ရာ
ွန်းကာ
န်း ၄၀
များတွင်
န်းမည်။
မည်။
းမည်။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၃၇၁ခုနှစ်၊ တပို့တွဲလဆန်း(၇)ရက် (အဖိတ်နေ့)**
**၂၁-၁-၂၀၁၀ (ကြာသပတေးနေ့)**

### နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချို‌အေးမင်္ဂလာတေး
၈:၀၀ ၆။ အကပဒေသာ
၈:၁၀ ၇။ ပါရာဗွပ်တံတား
၈:၂၀ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈:၃၀ ၉။ **ကျန်းမာသန့်ထွား ဉာဏ်မြင့်မား**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ အတီးပြိုင်ပွဲ
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

### ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၄၀ ၄။ **စည်းကမ်းလိုက်နာ ဘေးကင်းကွာ**
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(မြန်မာစာ အထူးပြု) (မြန်မာစာ)
၅:၁၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၅ ၇။ တေးဂီတအစီအစဉ်
၅:၄၀ ၈။ **ကလေးများ၏ ကျန်းမာဖွံ့ဖြိုးရေး**
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ပျော်ရွှင်စေသောနေ့ရက်များ **ဈေးသည်** (အပိုင်း-၉) မိုးမိုး၊ သူရလင်း၊ သဇင်ယမင်းမြင့်သိန်း၊ (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၄၀ ၁၂။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၃)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၁၀)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၁၄)
၁၉။ အစီအစဉ်ပြီး၏။

* *ကျောဖုံးမှ*

## ဒေသဖွံ့ဖြိုးရေး

နောက်တစ်နေ့ နံနက် ၇နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်း၊ မြို့နယ်ရေယာဉ်များအသင်းဥက္ကဋ္ဌ ဦးမောင်ပု၊ မြို့နယ်ငါးလုပ်ငန်းဒုတိယဦးစီးမှူး ဦးစိုးကျော်လင်း၊ ရိုးမလှိုင်း စာကြည့်တိုက်ကော်မတီအတွင်းရေးမှူး ဦးချစ်မြ(မောင်ချစ်အောင်)တို့ သတင်းခရီးသည်နှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု စီးပွားရေး တံခါးပေါက်ဖြစ်သည်နှင့်အညီ အောင်မြင်မှုများကို အားပါးတရပြောပြကြသည်။

## ထောက်ပံ့ကူညီ

မွန်းလွဲ ၂နာရီတွင် မော်တော်ဘုတ်နှင့် မာန်အောင်မြို့သို့သွားမည်ဖြစ်သဖြင့် ရရှိသည့် အချိန်အတွင်း ဦးကျောက်တောင်၏ သင်္ဘောကျင်းလုပ်ငန်း၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ တောင်ကုတ်-စစ်တွေရေယာဉ်လုပ်ငန်း၊ မြို့နယ်စည်ပင်သာယာလုပ်ငန်း၊ မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးမှု၊ ကဏန်းလုပ်ငန်းနှင့် မြို့နယ်စာကြည့်တိုက်တို့ကို အချိန်ရသမျှ ကွင်းဆင်းလေ့လာခဲ့သည်။ ဦးကျောက်တောင်သည် တောင်ကုတ် ဇာတိဖွားဖြစ်ကာ မိမိ၏ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန် ငွေအား၊ လူအားနှင့် စိတ်ဓာတ်အားဖြင့် ပံ့ပိုးကူညီသူ၊ တောင်ကုတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌဖြစ်သည့်အားလျော်စွာ ဒေသခံများကို အလုပ်အကိုင်များပေးကာ ထောက်ပံ့ကူညီနေသူ ဖြစ်သည်။

**တောင်ကုတ်မြို့နယ် ရွာမကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခဲ့စဉ်။** (မြန်မာ့အလင်း)

## သင်္ဘောကျင်း

သင်္ဘောကျင်းမှာ တစ်လ သင်္ဘော ခြောက်စင်း လွှန်းတင်နိုင်ပြီး လွှန်းကျင်းတင်ခ သင်္ဘောအကြီး ကျပ်ငါးသိန်း၊ သင်္ဘောအသေး ကျပ်သုံးသိန်းဖြစ်ကာ သင်္ဘောပိုင်ရှင် (အလုပ်အပ်သူ) စိတ်ကြိုက် မိမိစရိတ်ဖြင့် လက်သမား၊ စက်ဆရာများ ငှားရမ်းနိုင်သည်။

ယခင်က တောင်ကုတ်မြို့မှ ရန်ကုန်သို့ သွားရောက်လွှန်းတင်ရာ အသွားအပြန်ခရီးစရိတ်၊ ကုန်ကျစရိတ် သိန်း ၈၀မျှ ကုန်ကျသည့် သင်္ဘောမှာ ယခုအခါ တောင်ကုတ်မြို့မှာပင် ကျပ်သိန်း ၄၀မျှ ကုန်ကျသဖြင့် သင်္ဘောပိုင်ရှင်များ ထက်ဝက်သက်သာနေကြောင်း ကြားသိရသည်။

"ကျွန်တော်တို့ တောင်ကုတ်မြို့နယ်မှာ မိုးစပါး ၇၀၁၅၆ဧကတွင် စပါး ၁၄မျိုး စိုက်ပျိုးရာ တင်းပေါင်း ၅၀၅၆၈၀၀ ထွက်ပါတယ်။ ဆန်ဖူလုံမှုမှာ တောင်ကုတ်က ၁၈၁ဒသမ ၄၆ ရာခိုင်နှုန်း၊ မအီမြို့က ၂၆၁ဒသမ ၇၄ရာခိုင်နှုန်းဖြစ်တဲ့အပြင်၊ ဆီဖူလုံမှုမှာလည်း ဆီပိဿာ ၁၂၂၂၈၅၀ ထွက်ရှိတဲ့အတွက် တောင်ကုတ်မှာ ၁၂၅ဒသမ ၉၂ရာခိုင်နှုန်း၊ မအီမှာ ၁၈၅ဒသမ ၀၃ရာခိုင်နှုန်းဖြစ်လို့ တောင်ကုတ်မြို့နယ်ဟာ ဆန်စပါးနဲ့ ဆီ ဒေသဖူလုံတဲ့ မြို့ဖြစ်ပါတယ်" ဟု မြို့နယ်ဥက္ကဋ္ဌက ရှင်းပြသည်။

## ဖြစ်ထွန်းအောင်မြင်

တောင်ကုတ်မြို့နယ်သည် သံတွဲခရိုင်၏မြောက်ဘက်တွင် တည်ရှိပြီး အရှေ့ဘက်၌ မင်းတုန်းမြို့နယ်၊ ပန်းတောင်းမြို့နယ်၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ တောင်ဘက်တွင် သံတွဲမြို့နယ်၊ မြောက်ဘက်တွင် အမ်းမြို့နယ်ဖြစ်ပြီး ဧရိယာစတုရန်းမိုင် ၂၀၅၇ဒသမ ၂၅မိုင် ကျယ်ဝန်းကာ တောင်ကုတ်မြို့နယ်တွင် ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာ အုပ်စု ၄၆အုပ်စု၊ ကျေးရွာ ၁၄၈ရွာရှိပြီး မအီမြို့တွင် ရပ်ကွက်လေး ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀အုပ်စု၊ ကျေးရွာ ၅၉ရွာရှိ၍ လူဦးရေ ၁၄၀၀၀၀ကျော် နေထိုင်ကြသည်။

တောင်ကုတ်မြို့နယ်အတွင်း နွေစပါးဧက ၁၂၀၊ မအီမြို့အတွင်း နွေစပါးဧက ၈၀ စုစုပေါင်း နွေစပါးဧက ၂၀၀ကို ဆည်ရေ၊ ချောင်းပိတ်မြောင်းပိတ် သဘာဝရေတို့ဖြင့် စိုက်ပျိုးထားရာ ဖြစ်ထွန်းအောင်မြင်နေပြီ ဖြစ်သည်။

## ဝင်ငွေကောင်း

ထို့ပြင်မှမက မတ်ပဲ၊ ပဲတီစိမ်း၊ ဘိုကိတ်၊ ပဲလွန်း ၁၃၁၂ဧက၊ ဆီထွက်သီးနှံဆောင်းမြေပဲ၊ ဆောင်းနှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ပန်းနှမ်း ၁၈၄၁ဧက၊ ဆောင်းရာသီသီးနှံ ငရုတ်စို(မိုး)၊ ငရုတ်စို(ဆောင်း)၊ ငရုတ်ခြောက် (ဆောင်း)၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း၊ နနွင်း၊ ဟင်းသီးဟင်းရွက်(မိုး)၊ ဟင်းသီးဟင်းရွက်(ဆောင်း) ၅၅၁၉ဧက စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းနေသဖြင့် ဒေသခံတောင်သူများ ဝင်ငွေကောင်းနေကြသည်။

## လွှဲပြောင်းပေးအပ်

**မြို့နယ် ရေယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ပုက ကျပ်သိန်း ၂၅၀တန် ရုံးအဆောက်အအုံကို မြို့နယ် စာကြည့်တိုက်သို့ လွှဲပြောင်းလှူဒါန်း ပေးအပ်စဉ်။** (မြန်မာ့အလင်း)

## မြို့ပြနှင့်ကျေးလက်လမ်း

တောင်ကုတ်မြို့နယ် စည်ပင်သာယာအမှုဆောင်အရာရှိ ဦးလှဖော်ဇံက အဓိပတိလမ်းနှင့် ပညာသုခလမ်း ကတ္တရာခင်းခြင်း၊ ညဈေးလမ်း၊ နံနက်ဈေးလမ်း၊ ရွာမလမ်း ကျောက်ချောခင်းခြင်းနှင့် ညောင်တန်းလမ်းနှင့် ဦးအောင်ဇေယျလမ်း ကတ္တရာလမ်း ဖောက်လုပ်ခြင်း၊ မီးစက်ကွက်သစ် ၃လမ်း ကွန်ကရစ်တံတားပြုလုပ်ခြင်း၊ ကြိုးကြာကွင်း၊ မှန်နီလမ်းပြင်ဆင်ခြင်း၊ ရွာမလမ်းမပေါ်ရှိ အုတ်ခုံခံတံတားများပြုပြင်ခြင်း၊ ဝက်ကျိတ်ဆည်မှ မြို့တွင်းသို့ ရေပိုက်သွယ်တန်းခြင်း၊ မိုးတိမ်ပြင်ကျေးရွာ မြေသားရေကန်တူးခြင်း၊ နန်းရာကုန်းကျေးရွာ မြေသားရေကန်တူးခြင်း၊ အများသုံး အုတ်ရေကန်လေးခု တည်ဆောက်ခြင်း၊ ကျေးလက်အများသုံး အုတ်ရေကန်သုံးခု တည်ဆောက်ခြင်း၊ ကျေးလက် လက်တွင်းလေးတွင်း တူးဖော်ခြင်း၊ ဈေးတွင်းလမ်းများ ပြုပြင်ခြင်း၊ လမ်းဘေးကပ်တုံးပြုလုပ်ခြင်း၊ ပလက်ဖောင်းများ၊ ပန်းခုံများ၊ ကျောက်တိုင်ကွင်းဆေးသုတ်ခြင်း၊ မြို့ဝင်ဆိုင်းဘုတ်များ ပြုလုပ်ခြင်း၊ ဈေးတွင်းလမ်း ကွန်ကရစ်ခင်းခြင်းတို့ကို ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှ ၂၀၀၈-၂၀၀၉ခုနှစ်အထိ မြို့ပြနှင့်ကျေးလက် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ အားရဖွယ်ပင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့ရသည်။

မြို့ပြနှင့်ကျေးလက် အချိုးညီညီ ကွာဟချက် အနည်းဆုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည်။

ငါးလုပ်ငန်းဦးစီးအရာရှိ ဦးကျော်ဆင့်နှင့်အတူ တောင်ကုတ်ချောင်း ချောင်းကောက်ရပ်ကွက်ရှိ ဦးလုံချန်း၏ MUDCR AB.TH ရွှံ့ကဏန်းရောင်းဝယ်ရေးသို့ ရောက်ရှိရာ ရန်ကုန်မှတစ်ဆင့် ပြည်ပသို့ တင်ပို့ရန်အတွက် လုပ်သား ၁၅ဦးက ကဏန်းရွေးခြင်း၊ ချည်နှောင်ခြင်း၊ သေတ္တာများဖြင့် ထုပ်ပိုးခြင်း၊ ကဏန်းများအား ရေတိုက်ခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရသည်။

## ရောင်းချ

ရမ်းဗြဲမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ သံတွဲမြို့နယ်၊ တောင်ကုတ်မြို့နယ် ကျေးရွာများမှ ရေလုပ်သားများက တစ်ရက်လျှင် ကီလို ၁၀၀၀ ကျော်၊ ပိဿာ ၆၀၀မျှ လာရောက်ရောင်းချသဖြင့် ရေလုပ်သားတို့လည်း ဝင်ငွေကောင်းလှသည်။

## စာကြည့်တိုက်

တောင်ကုတ်မြို့ ဦးဥတ္တမလမ်းပေါ်ရှိ တောင်ကုတ်မြို့နယ် ရိုးမလှိုင်း စာကြည့်တိုက်ကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်က ဖွင့်လှစ်ခဲ့သည်။ အဆောက်အအုံမှာ ကျပ်သိန်း ၂၅၀ တန်ကာ အလျား ပေ ၄၀ × အနံ ပေ ၂၀၊ အမြင့် ၁၈ပေ၊ နှစ်ထပ်၊ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း၊ လျှပ်စစ်မီးသွယ်တန်း၊ လျှာထိုးပျဉ်ခင်း ဖြစ်သည်။

## ဖွင့်လှစ်ထား

နှစ်လကျော်မျှသာ ရှိသေးသည့် ရိုးမလှိုင်းစာကြည့်တိုက်တွင် ဥက္ကဋ္ဌ ဦးမောင်ပု၊ အတွင်းရေးမှူး ဦးချစ်မြ (မောင်ချစ်အောင်)တို့ ပါဝင်သည့် စာကြည့်တိုက်ကော်မတီ နှစ်ဦးသည် ရိုးမလှိုင်းမဂ္ဂဇင်း အမှတ်(၂)ကို ဆက်လက်ထုတ်ဝေရန် ကြိုးစားလျက်ရှိသည်။ အဆောက်အအုံကို ဆေးသုတ်ကာ သုတ၊ ရသစာအုပ် ၉၆၃ အုပ်၊ ဂျာနယ် ၇၅စောင်နှင့် နေ့စဉ်ထုတ် သတင်းစာများ၊ တနင်္ဂနွေ၊ တနင်္လာနေ့မှအပ ဝန်ထမ်းသုံးဦးဖြင့် နေ့စဉ် နံနက် ၈နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်ထားသည်။

ရခိုင်ပြည်နယ် တောင်ကုတ်မြို့သည် အခြားပြည်နယ်၊ တိုင်းများရှိ မြို့များကဲ့သို့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်နေသောမြို့အဖြစ် သတင်းခရီး မြင်တွေ့ခဲ့ရသည်များကို ဖောက်သည်ချ တင်ပြလိုက်ရပါကြောင်း။ ။

**(မြန်မာ့အလင်း)**

# လူကုန်ကူးသူများသည် ကွန်ရက်များထူထောင်၍ ဂိုဏ်းဖွဲ့ ကျူးလွန်နေကြ

## မဲခေါင်ဒေသ ခြောက်နိုင်ငံ လူကုန်ကူးမှုပြဿနာကို ပူးပေါင်းတိုက်ဖျက်ရန် သန္နိဋ္ဌာန်ချမှတ်

## မြန်မာနိုင်ငံသည် ပထမဆုံး လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေထုတ်ပြန်သည့်နိုင်ငံဖြစ်

နေပြည်တော် ဇန်နဝါရီ ၂၀

**သတ္တမအကြိမ် မဲခေါင်ဒေသတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ရက် နံနက် ၉နာရီတွင် ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပရာ အစည်းအဝေးသို့ မဟာမဲခေါင်ဒေသတွင်းနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ လေ့လာသူအဖြစ် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှအမျိုးသမီးများနှင့်ကလေးသူငယ်များအား လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ၊ အလှူရှင်အဖွဲ့အစည်းများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၃၅ဦး တက်ရောက်ကြသည်။**

### ဂိုဏ်းဖွဲ့ကျူးလွန်

ဖွင့်ပွဲ အခမ်းအနားမတိုင်မီတွင် တက်ရောက်သည့်နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်ခေါင်းဆောင်များသည် မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား တွေ့ဆုံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ **(ယာပုံ)**က COMMIT ပေါ်ပေါက်လာရခြင်း၏နောက်ခံသမိုင်းအား ရှင်းလင်း၍ မဲခေါင်ဒေသ ခြောက်နိုင်ငံသည် အလွန်ဆိုးရွားသော လူကုန်ကူးမှုပြဿနာကို ပူးပေါင်းတိုက်ဖျက်ရန် သန္နိဋ္ဌာန်ချမှတ်၍ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ ငါးနှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်ကြောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေများကိုလည်း အဖွဲ့ဝင်နိုင်ငံ အားလုံးနီးပါး၌ ပြဋ္ဌာန်းခဲ့ကြပြီးဖြစ်ကြောင်း၊ လူကုန်ကူးသူများသည် ကွန်ရက်များထူထောင်၍ ဂိုဏ်းဖွဲ့ကျူးလွန်နေကြကြောင်း၊ ယင်းကွန်ရက်များကို မဲခေါင်ဒေသတွင်းနိုင်ငံများက ကောင်းစွာတုံ့ပြန်နိုင်သည့်အတွက် မိမိတို့ မဲခေါင်ဒေသသည် လူကုန်ကူးသူများအတွက် Safe Heaven မဟုတ်တော့ကြောင်း၊ တစ်နှစ်တာ ဆောင်ရွက်ခဲ့သည်များကို ပြန်လည်သုံးသပ်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်၍ ယခုအစည်းအဝေးသည်အရေးကြီးကြောင်းနှင့် မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်များအား ရှင်းလင်း၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

### ပူးပေါင်းဆောင်ရွက်

ယင်းနောက် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေး Mr. Bishow B. Parajuli က မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ မူဝါဒ၊ တားဆီးကာကွယ်ရေး၊ ပြစ်ဒဏ်ချမှတ်ရေး၊ လူကုန်ကူးခံရသူများအား စောင့်ရှောက်ရေး ကဏ္ဍများတွင် များစွာတိုးတက်ပါကြောင်း၊ ထင်ရှားသည့် သာဓကအဖြစ် မြန်မာနိုင်ငံသည် မဲခေါင်ဒေသတွင်းနိုင်ငံများအနက် ပထမဆုံး လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေထုတ်ပြန်သည့် နိုင်ငံဖြစ်ကြောင်း၊ ယင်းဥပဒေသည်လည်း နိုင်ငံတကာစံချိန်စံညွှန်းများ၊ ပလာမိုပရိုတိုကောတို့နှင့်အညီ ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း၊ လူကုန်းကူးမှု တားဆီးနှိမ်နင်းရေး အထူးရဲတပ်ဖွဲ့များ ဖွဲ့စည်းသည့် ပထမဆုံး နိုင်ငံလည်းဖြစ်ကြောင်း၊ ယခုအစည်းအဝေးသည် ၂၀၀၉ ခုနှစ်အတွင်း ဆောင်ရွက်ချက်များအား ပြန်လည်သုံးသပ်ခြင်းနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် စိန်ခေါ်မှုများအား ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း၊ အနာဂတ် ဆောင်ရွက်ရန်များကိုလည်း ဆွေးနွေးရန်လိုကြောင်း၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Ms. Joy Ngozi Ezeilo အားလည်း ကြိုဆိုပါကြောင်း၊ နှစ်စဉ် ထောင်ပေါင်းများစွာသော အမျိုးသား၊ အမျိုးသမီးများသည် လုပ်အားခေါင်းပုံဖြတ်ရန်အတွက် လူကုန်ကူးခံရလျက်ရှိကြောင်း၊ အမျိုးသမီးငယ်များ သည် လိင်မှုဆိုင်ရာခေါင်းပုံဖြတ်ရန် လူကုန်ကူးခံရကြောင်း၊ ကလေးသူငယ်များသည်လည်း အဓမ္မ သူတောင်းစားပြုရန် လူကုန်ကူးခံရကြောင်း၊ ထို့ကြောင့် နိုင်ငံတကာ အစိုးရများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု မြင့်တင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

### ဆက်လက်ဆောင်ရွက်

ထို့နောက်အစည်းအဝေး ပထမနေ့အတွက် မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက သဘာပတိအဖြစ် ဆောင်ရွက်၍ UNIAP က ၂၀၀၉ ခုနှစ်ဆောင်ရွက်ချက်များကို တင်ပြခြင်း၊ ကျင်းပခဲ့ပြီးသည့် ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ချက်များ တင်ပြခြင်း၊ ကမ္ဘောဒီးယားနိုင်ငံက ၎င်းတို့၏ နယ်စပ်ဒေသ ထိန်းချုပ်မှုစနစ်ကိုတင်ပြခြင်း၊ တရုတ်နိုင်ငံက အမျိုးသားစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများကို တင်ပြခြင်း၊ လာအိုနိုင်ငံက လူကုန်ကူးမှုတားဆီးကာကွယ်ရေး တိုးတက်မှုများတင်ပြခြင်း စသည့် အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

### လက်မှတ်ရေးထိုး

မဟာမဲခေါင်ဒေသတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (COMMIT MoU) ကို မဲခေါင်မြစ်ဝှမ်းဒေသတွင်းရှိ ကမ္ဘောဒီးယား၊ တရုတ်၊ မြန်မာ၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ် စသည့် ခြောက်နိုင်ငံမှ ဝန်ကြီးများသည် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၂၉ရက်က လက်မှတ်ရေးထိုးခဲ့ပြီး ယခုအစည်းအဝေးသည် ယင်းနားလည်မှုစာချွန်လွှာ၏ လုပ်ငန်းတစ်ရပ် (COMMIT Process) အနေဖြင့် အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။ အစည်းအဝေးကို ဇန်နဝါရီ ၂၂ရက်အထိ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိုလ်တထောင်မြို့နယ် ရာဇာဓိရာဇ်အိမ်ရာ အမှတ်(၂၅၄/၁၀၁)နေ ဦးဘဇော်-ဒေါ်စန်းစန်းယဉ် မိသားစုမှ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

## ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်းကြေညာ

*ရန်ကုန် ဇန်နဝါရီ ၂၀*

*ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖိတ်ခေါ်ကျင်းပခဲ့သော ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုစာမူပြိုင်ပွဲ၏ ဆုရရှိသူ အမည်စာရင်းကို စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာလိုက်သည်။*

### *ဆုရရှိသူများ*

*ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆု ဒေါ်နုနုသိန်း(သိမ့်-စီးပွားရေးတက္ကသိုလ်)က **မေတ္တာရင်ငွေ့ခြုံမှ လုံနိုင်မယ်လေ**စာမူဖြင့်လည်းကောင်း၊ ဒုတိယဆု ဦးရွှေသိန်း(မောင်ခြိမ့်)က **ဖားမျက်စိတောင်မှ လည်ပါတယ်တော်ရေ့** စာမူဖြင့်လည်းကောင်း၊ တတိယဆု ဦးအောင်စိုး(နောင်စိုး-ထားဝယ်)က **အားမာန်ဝင့်၍ ခေတ်သစ်ဆီ** စာမူဖြင့်လည်းကောင်း ဆုရရှိခဲ့ကြသည်။ ဂုဏ်ပြုဆုများအဖြစ် ဦးစောထွန်း(မောင်စောထွန်း-ကျောင်းကုန်း)က **ကမ္ဘာ့ရွာထဲမှ မြန်မာ့ရွာလေ့ ဘယ်ရွာပြိုင်၍ နိုင်ပါချိမ့်** စာမူဖြင့်လည်းကောင်း၊ ဦးကြည်တင် (တင်လင်းဇော်)က **အမွေ** စာမူဖြင့်လည်းကောင်း၊ ဦးဝမ်းမောင်(တွင်းကြီးဝမ်းမောင်)က **မြွေဖမ်းလို့ ပေးခဲ့ပါ့မယ်** စာမူဖြင့်လည်းကောင်း၊ ဦးမောင်ကျော် (ပန်းတနော်ကျော့မိုး)က **ကိုင်းခုတ်ချိန်** စာမူဖြင့်လည်းကောင်း၊ ဦးကျော် (မောင်ယဉ်လှိုင်း-ပျဉ်းမပြိုင်)က **ဒို့ကျေးရွာ** စာမူဖြင့်လည်းကောင်း အသီးသီးဆုရရှိခဲ့ ကြသည်။*

### *ဆုချီးမြှင့်*

*ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဇန်နဝါရီ ၃၀ရက်တွင် နေပြည်တော်၌ကျင်းပမည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နှစ်ပတ်လည်အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ ဂုဏ်ပြုဆုရရှိသူများအား မိမိတို့နေထိုင်သည့် မြို့နယ်များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။*

*ဆုရရှိသူများသည် စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ ဒို့ကျေးရွာဂျာနယ် အမှတ်၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂သို့ ဇန်နဝါရီ ၂၅ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပို့ကြရမည်ဖြစ်သည်။*

***(သတင်းစဉ်)***

## ဝါးခယ်မမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းဝေး

*ရန်ကုန် ဇန်နဝါရီ ၂၀*

*ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ ၁၉ရက် နံနက်ပိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဥက္ကဋ္ဌ ဒေါ်စီစီညွန့် (မစိမ်းဇော်- ဝါးခယ်မ)နှင့် အတွင်းရေးမှူး ဦးပြုံးချို (ပြုံးချို-ပညာရေး) တို့ပါဝင်သော မြို့နယ်အမှုဆောင်ကော်မတီအသစ်ကို ရွေးချယ်ခဲ့ကြပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဒေါ်စီစီညွန့်ကို ရွေးချယ်တာဝန်ပေးခဲ့သည်။*

*(သတင်းစဉ်)*

## MNL အမှတ်ပေးဘောလုံးပြိုင်ပွဲနှင့် အရန်အသင်းများ

## အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲနှင့် MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ရက် ညနေ ၆နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

### ဆုပေးအပ်

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး MNL ဘောလုံးပြိုင်ပွဲများတွင် ဝိုင်းဝန်းကူညီခဲ့ကြသော စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ Fair Play အလံကိုင်ဆောင်ပေးသော (အား/ကာ) သိပ္ပံ (ရန်ကုန်) အားကစားသမားများ၊ ဘောလုံးကောက်ပေးသော လူမှုဝန်ထမ်းဦးစီးဌာနမှ မိဘမဲ့ ကျောင်းသားလေးများအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ MNL အရန်အသင်းများ အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် တတိယရရှိသည့် မကွေး ဘောလုံးအသင်းအား ရတနာပုံ အသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းက လည်းကောင်း၊ ဒုတိယရရှိသော ဇေယျာရွှေမြေဘောလုံးအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ရန်ကုန်ယူနိုက်တက်အသင်း ပိုင်ရှင် ဦးတေဇက လည်းကောင်း၊ ပထမ ရရှိသော ချန်ပီယံ ရန်ကုန်ယူနိုက်တက် ဘောလုံးအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ကမ္ဘောဇဘောလုံးအသင်းပိုင်ရှင် ဦးအောင်ကိုဝင်းကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး MNL အမှတ် ပေးပြိုင်ပွဲတွင် တတိယရရှိသော ရှမ်းပြည်နယ်ကိုယ်စားပြု ကမ္ဘောဇအသင်းအား ဆုကြေးငွေကျပ်သိန်း ၂၀၀ကို ဥဿာယူနိုက်တက်အသင်းပိုင်ရှင် ဦးအောင်မိုးကျော်က လည်းကောင်း၊ ဒုတိယရရှိသော ဧရာဝတီတိုင်း ကိုယ်စားပြု ဒဲလ်တာယူနိုက်တက်အသင်းအား ဆုကြေးငွေကျပ်သိန်း ၃၀၀ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ကမ္ဘောဇအသင်းပိုင်ရှင် ဦးအောင်ကိုဝင်းကလည်းကောင်း၊ ပထမရရှိ သော မန္တလေးတိုင်း ကိုယ်စားပြု ချန်ပီယံ ရတနာပုံအသင်းအား ဆုကြေးငွေကျပ်သိန်း ၅၀၀ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရ ဆောက်သမ်းမြန်မာအသင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ရန်ကုန်ယူနိုက်တက်အသင်းပိုင်ရှင် ဦးတေဇက ဆုချီးမြှင့်ပြီး လူငယ်အကောင်းဆုံး ဘောလုံးသမားဆုရ ရွှေလှိုင်ဝင်း (ရန်ကုန် ယူနိုက်တက်)၊ အကောင်းဆုံး ကွင်းလယ် ဒိုင်လူကြီးဆုရ ဦးဝင်းချို၊ အကောင်းဆုံး အကူဒိုင်လူကြီးဆုရ ဦးမျိုးဝင်း၊ အသက် ၃၀ အောက် ဒိုင်လူကြီးများတွင် အတိုးတက်ဆုံးဆုရ ဦးတင်ထွဋ်၊ ပွဲစဉ်တစ်လျှောက် ဂိုးသွင်းအများဆုံးဆုရ စိုးမင်းဦး (ကမ္ဘောဇအသင်း)၊ တတိယအကောင်းဆုံးဘောလုံးသမားဆုရ မိုးဝင်း (ကမ္ဘောဇအသင်း)၊ ဒုတိယအကောင်းဆုံးဆုရ မျိုးမင်းထွန်း(ရန်ကုန်ယူနိုက်တက်)၊ အကောင်းဆုံးဘောလုံးသမားဆုရ ရန်ပိုင် (ရတနာပုံအသင်း)တို့အား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများနှင့် ဘောလုံးအသင်းများမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ။

**(မြန်မာ့အလင်း)**

**MNL အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမရရှိသော မန္တလေးတိုင်း ကိုယ်စားပြု ရတနာပုံအသင်းအား ဆုကြေးငွေ ကျပ်သိန်း၅၀၀ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်က ပေးအပ်ချီးမြှင့်စဉ်။**

(မြန်မာအလင်း)

**MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမရရှိသော ချန်ပီယံ ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ကမ္ဘောဇ ဘောလုံးအသင်းပိုင်ရှင် ဦးအောင်ကိုဝင်းက ဆုပေးအပ်ချီးမြှင့်စဉ်။**

(မြန်မာအလင်း)

■ *ကျောဖုံးမှ*

များတွင် ညနေ ၃ နာရီအချိန်မှ စတင်၍ အမျိုးသား အားကစားပြိုင်ပွဲ ရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည် ဖြစ်သည်။

ယခု ကျင်းပမည့် ပြိုင်ပွဲသည် ၂၀၀၉ ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ရက် နေ့က ကျင်းပခဲ့သော ပထမအကျော့

အပြင်းစားရိုက်ချက် ဝါးရင်းတုတ် လက်သီးပိုင်ရှင် ဖိုးကေ။

ပြိုင်ပွဲများ၏ အဆက်ဖြစ်သည်။ ပထမအကျော့ပြိုင်ပွဲတွင် အလွတ်တန်း ဒင်္ဂုံရွှေအောင်လံနှင့် ပထမတန်းဒင်္ဂုံရွှေအောင်လံ ဆီမီးဖိုင်နယ် ပွဲစဉ်များနှင့် ဒုတိယဒင်္ဂုံရွှေအောင်လံ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အလွတ်တန်း၌ ရွှေဆိုင်း(မြိုင်ကြီးငူ)က လုံးချော (ညောင်တုန်း)ကို အမှတ်(၃-၂)ဖြင့် အနိုင်ယူခဲ့ပြီး စောငမန်း (Ever Green)က ကြယ်လင်းအောင် (တောင်ကလေး) ဆိုင်ကယ် မတော်တဆဖြစ်ခဲ့မှုကြောင့် ပြိုင်ပွဲဝင်မလာသဖြင့် အလိုအလျောက် ဗိုလ်လုပွဲတက်ခဲ့သည်။

ပထမတန်းအောင်လံ အကြိုဗိုလ်လုပွဲ၌ လက်ရှိအောင်လံဆု(ဒင်္ဂုံရွှေအောင်လံ ၂၀၀၉) ပိုင်ဆိုင်ထားသူ တွေ့မရှောင် (KLN)ကို ဝါးရင်းတုတ်ဖိုးကေ (မန္တလေး)က အမှတ်ပြတ် (၅-၀)ဖြင့်၊ ချာန်ထူး (တောင်ကလေး)ကို ထွန်းထွန်း (အဖြူရောင်သွေးသစ်)က အမှတ်ပြတ်(၅-၀) ဖြင့် အနိုင်ရကာ အသီးသီးဗိုလ်လုပွဲတက်ခဲ့ကြသည်။

### အလဲထိုး

ဒုတိယတန်း ဒင်္ဂုံရွှေအောင်လံ ကွာတားဖိုင်နယ်တွင် အမေ့သား (ရွှေကုက္ကို)က ဘာမထီ(ခ) မိုက်တိုင်စန် (အလင်းရောင်)ကို အမှတ်(၃-၂)ဖြင့်၊ ဒေါ်ဂျစ် (လယ်ယာ/ဆည်မြောင်း)က မင်းထက်ကျော် (တိုက်ဂါး)ကို စတုတ္ထအချီတွင် အလဲထိုးဖြင့်၊ စိုးလင်းဦး (တောင်ကလေး)က လုံးချောလေး (ရက္ခဗျာလ)ကို တတိယအချီတွင် အလဲထိုးဖြင့်၊ စစ်သွေး (ဘိလပ်မြေစက်ရုံ)က ရှမ်းသွေးလေး (ဒေါင်းမြန်မာ)ကို တတိယအချီတွင် အလဲထိုးဖြင့် အသီးသီး အနိုင်ယူကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ကြသည်။

ကျပ်သိန်း ၃၀တန်း ပထမတန်း ဒင်္ဂုံရွှေအောင်လံကို ဇန်နဝါရီ ၂၃ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်လုယူကြမည့် ဝါးရင်းတုတ်ဖိုးကေနှင့် ထွန်းထွန်းတို့သည် ၂၀၀၉ မေလက ဗထူးအားကစားပြိုင်ပွဲရုံ၌ ကျင်းပခဲ့သော မန္တလေးမြို့တည် နန်းတည်နှစ် (၁၅၀)ပြည့် အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် တွေ့ဆုံယှဉ်ပြိုင်၍ သရေပွဲဖြစ်ခဲ့ဖူးသည်။ ထိုစဉ်က မြို့ခံပရိသတ်၏ အားပေးမှုဖြင့် ဝါးရင်းတုတ်ဖိုးကေက ဖိုက်တာအဖြစ် ဦးဆောင်ထိုးသတ်ခဲ့ပြီး ထွန်းထွန်းက ကောင်တာကစားရင်းမှ အခွင့်သာလျှင် ဖိုက်တာအဖြစ် ထိုးသတ်ခဲ့သည်။ ဖိုးကေ၏ မနားတမ်းတိုက်စစ်နောက်မှ ခြေဖဝါးနင်းချက်ကြောင့် ထွန်းထွန်း အမှတ်စဉ်တစ်ကြိမ် အရေခံခဲ့ရပြီး ထွန်းထွန်း၏ ချုပ်ဒူးများကြောင့် ဖိုးကေ ဝပ်ချဖြုတ်ချလုပ်ရသည်မျိုးရှိခဲ့သည်။ ထွန်းထွန်း၏ ဘယ်ထောက်လက်သီးများက ဖိုးကေကို Clear ထိမှန်ပြီး ဘယ်တံတောင်ဆက်တိုက် ရိုက်ချက်များပါ ထိမှန်ခြင်းမျိုးရှိခဲ့သော်လည်း ဖိုးကေက အမှတ်စဉ် အရေခံရခြင်းမျိုး မရှိဘဲ မာဂုဏ်ပြခဲ့သည်။

### စိတ်ဓာတ်ရေးရာတက်ကြွ

ဇန်နဝါရီ ၁ ရက်က မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ နှစ်ကရင်ကျေးရွာတွင် ဖိုးကေက တွေ့မရှောင်နှင့် ဒုတိယအကြိမ် တွေ့ဆုံကာ သရေပွဲ ထိုးသတ်ခဲ့သည့်နည်းတူ ထွန်းထွန်းကလည်း ရွှေမင်းရာဇာ(ဘိလပ်မြေစက်ရုံ)နှင့် သရေပွဲ ထိုးသတ်ခဲ့သည်။ ထိုပွဲနောက်တွင် ၎င်း

ဝါးရင်းတုတ်ကို ထင်းလုပ်ပစ်မည်ဆိုသည့် ထွန်းထွန်း။

တို့ နှစ်ဦးလုံး မည်သည့်ပွဲမှ လက်ခံထိုးသတ်ခြင်းမပြုဘဲ ယခုပွဲ အတွက်သာ အာရုံစိုက် လေ့ကျင့်ခဲ့ကြသည်။ ထွန်းထွန်းက နယ်စပ်မြို့ မြဝတီတွင် နေခဲ့စဉ်က တစ်ဖက်ကမ်းမှ မွေထိုင်းလက်ဝှေ့သမားများနှင့် အပွဲပွဲ နွှဲခဲ့ဖူးပြီး ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၉ ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲများနှင့် ပထမအကြိမ် ဒင်္ဂုံရွှေအောင်လံ(၂၀၀၉) ပြိုင်ပွဲကြီး၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသည့် ကြိုးဝိုင်းသက်ရင့် လက်ဝှေ့သမားဖြစ်သော်လည်း အမှတ်တရ ဆုတစ်ခုမျှ မရရှိခဲ့ဖူးသောကြောင့် ယခုလက်တစ်ကမ်းသို့ ရောက်ရှိနေသော ပထမတန်း ဒင်္ဂုံရွှေအောင်လံကို အရယူနိုင်ရန် စိတ်ဓာတ်ရေးရာ တက်ကြွပြင်းထန်လျက်ရှိသည်။

ဖိုးကေကလည်း အကြိုဗိုလ်လုပွဲတွင် လက်ရှိအောင်လံဆုရှင် နာမည်ကျော်တွေ့မရှောင်ကို အနိုင်ယူခဲ့သည့် ဂုဏ်ဟိတ်ကြောင့် ပရိသတ်စိတ်ဝင်တစားစောင့်ကြည့်ခံရသော အနေအထား၌ အဖျားရှူးလိုက်ပါက ဖိုးသင်းမျောက်ဟု သမုတ်ခံရတော့မည်ဖြစ်ပေရာ အောင်လံရ မရထက် အရှုံးမပေးလိုက်ရဖို့က ပို၍ အရေးကြီးနေသည်။ အဘယ်ကြောင့်ဆိုသော် ထွန်းထွန်းကို ထားဝယ်နယ်၌ တတိယအချီ၊ မြိတ်မြို့၌ ဒုတိယအချီဖြင့် အလဲထိုးအနိုင်ယူခဲ့သော တွေ့မရှောင်ကို ဖိုးကေက အမှတ်ပြတ် အနိုင်တစ်ပွဲ၊ သရေတစ်ပွဲ ထိုးသတ်နိုင်ခဲ့ပြီး ထိုနှစ်ပွဲစလုံး၌လည်း တွေ့မရှောင် အနားတောင်းရသည်အထိ ထိုးသတ်ခဲ့ပါလျက် အရေးပါသော အောင်လံလုပွဲတွင်မှ ထွန်းထွန်းကို အရှုံးပေးလိုက်ရပါလျှင် ဆင်နင်းတာမနာပါဘူး၊ ခေါင်းပြားတာရက်ဖို့ ကောင်းတယ်ဆိုသည်မျိုး ဖြစ်သွားနိုင်သောကြောင့်ပင်။ ထို့ကြောင့် ၎င်းတို့နှစ်ယောက် အောင်လံလုပွဲက မန္တလေးတွင် တွေ့ခဲ့ကြသော ပထမအကြိမ် ပွဲထက် ပိုမိုပြင်းထန်သော ဂုဏ်သိက္ခာ တိုက်ပွဲတစ်ရပ် ဖြစ်လာနိုင်မည်ဟု ယူဆရသည်။

### ဂုဏ်သိက္ခာလုပွဲ

ဇန်နဝါရီ၂၄ရက်တွင် ကျပ်သိန်း ၃၀တန်း အလွတ်တန်းဒင်္ဂုံရွှေအောင်လံကို ယှဉ်ပြိုင်လုယူကြရမည့် စောငမန်းနှင့် ရွှေဆိုင်းတို့ပွဲကလည်း အောင်လံအပေါင်းဆုကြေးနှင့်အတူ ရိုးရာလက်ဝှေ့လောက၏ အမြင့်ဆုံးချန်ပီယံဘွဲ့အတွက်ပါ တိုက်ပွဲဝင်ရမည့် အနေအထားရှိနေသည်။ ရွှေဆိုင်းသည် ၂၀၀၅ ခုနှစ်ဝန်းကျင်အထိ ပထမတန်းချန်ပီယံဘွဲ့ခံနိုင်ခဲ့သေးသော်လည်း လုံးချော ထွန်းတောက်လာသည့် ၂၀၀၆ မှစ၍ နာမည်ကျသွားခဲ့ပြီး ပထမအကြိမ် ဒင်္ဂုံရွှေအောင်လံပွဲတွင် လုံးချော၏ အလဲထိုးခြင်းကိုပါ ခံလိုက်ရသဖြင့် ရွှေဆိုင်း နေဝင်ချိန်ရောက်သွားပြီဟုပင် ထင်မှတ်ခံခဲ့ရသေးသည်။ ထိုမှ ပြီးခဲ့သည့် ဒုတိယအကြိမ် ဒင်္ဂုံရွှေအောင်လံအလွတ်တန်း ဆီမီးဖိုင်နယ်တွင် လုံးချောကို အမှတ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း ပထမတန်း ချန်ပီယံဘွဲ့က လုံးချောထံတွင် မရှိတော့ဘဲ စောငမန်းထံရောက်ရှိပြီဖြစ်ရာ ရွှေဆိုင်းအနေဖြင့် ယခုပွဲတွင် စောငမန်းကို အနိုင်ယူလျှင် အလွတ်တန်းဒင်္ဂုံရွှေအောင်လံကိုသာမက ပထမတန်း ချန်ပီယံဘွဲ့ကိုပါ တစ်ကျော့ပြန်ရရှိလိမ့်မည်။ ရွှေဆိုင်းဘက်က ဂုဏ်သိက္ခာလုပွဲဖြစ်နေသကဲ့သို့ စောငမန်းဘက်ကလည်း ဂုဏ်သိက္ခာကာကွယ်ပွဲဖြစ်နေသည့်အတွက် ပရိသတ်စိတ်ကြိုက် ထိုးလုံးသတ်ကွက်ဖော်ကာ အောင်လံဆုကို အရယူ

သက်တမ်း ရင့်သော်လည်း ရှန်းအားကောင်းဆဲ ဒေါ်ဂျစ်။

မှသာ ၎င်း၏လက်ဝှေ့အနာဂတ် အလားအလာကောင်းမွန်ပါလိမ့်မည်။ သို့မဟုတ်ပါက မြန်မာပြည်ချန်ပီယံဘွဲ့ခံထားသည့်ကြားမှပင် ၎င်းထက်ဝါနုသော လက်ဝှေ့သမား တချို့လောက် ပရိသတ်မကြိုက် ပွဲလည်းမရ၊ ထိုးကြေးလည်း နည်းနေသေးရာ လက်ရှိအောင်လံလည်းစွန့်ရ၊ ပထမတန်းချန်ပီယံလည်း မဟုတ်တော့ပါက သောင်ပြင်တင်သည့် ငမန်းဖြစ်သွားနိုင်သောကြောင့်ပင်….။

### ဆက်လက်ယှဉ်ပြိုင်

ဇန်နဝါရီ ၂၃ ရက်တွင် ဒုတိယတန်း ဒင်္ဂုံရွှေအောင်လံ အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ထိုးသတ်မည့် ဒေါ်ဂျစ်(လယ်ယာ/ဆည်မြောင်း) နှင့် စစ်သွေး (ဘိလပ်မြေစက်ရုံ)၊ စိုးလင်းဦး(တောင်ကလေး)နှင့် အမေ့သား(ရွှေကုက္ကို)တို့ တွဲဆိုင်းများက ထိုမျှနှင့်မပြီးသေးဘဲ အနိုင်ရသူနှစ်ဦးတို့ ဇန်နဝါရီ ၂၄ ရက်တွင် အောင်လံလုပွဲ ဆက်လက်ယှဉ်ပြိုင်ရပေဦးမည်။ ထို့ကြောင့် အောင်လံရရေး မရရေးသည် ဆီမီးဖိုင်နယ်တွင် မည်မျှပွဲပန်းခြင်းမပန်းခြင်းပေါ်၌လည်း တည်နေသည်။ လက်ရှိအနေအထား အရဆိုလျှင် ဒေါ်ဂျစ်(လယ်ယာ/ဆည်မြောင်း)နှင့် စစ်သွေး(ဘိလပ်မြေစက်ရုံ)တို့ ပွဲဆိုင်းက သူတို့နှစ်ဦး တွေ့ခဲ့သည့် ပွဲတိုင်းအရိုးကြေကြေ အရေခန်းခန်း ရန်းကန် ရင်ဆိုင်ရလေ့ရှိသည့် ထုံးစံအတိုင်း ဖြစ်လာနိုင်ပြီး တစ်ဖက်တွင်တော့ စိုးလင်းဦးက အမေ့သားကို နိုဝင်ဘာ၉ရက် ကရင်ပြည်နယ်၌ တစ်ပွဲ၊ ဇန်နဝါရီ ၉ ရက်က မွန်ပြည်နယ်၌ တစ်ပွဲ၊ နှစ်ပွဲစလုံးအလဲထိုး အနိုင်ယူထားခဲ့သော မှတ်တမ်းရှိထားသည်။ သို့ရာတွင် ရိုးရာလက်ဝှေ့တွင် မည်သို့ဖြစ်မည်ဟုတပ်အပ် သေချာပြော၍ မရသောအကြောင်း တရားများစွာ ရှိနေသည့်အတွက် အဖြေကို ကြိုတွက်သည်ထက် ပွဲကောင်း မကောင်းကိုသာ ပရိသတ်များ စိတ်ဝင်စားကြမည်ထင်သည်။

### သက်သေ

သို့ဆိုပါလျှင် အဆိုပါတွဲဆိုင်းနှစ်ဆိုင်းက ပရိသတ်စိတ်ကြိုက်ပွဲကောင်းများ ဖြစ်ပါလိမ့်မည်ဟုတော့ ၎င်းတို့ တွေ့ဆုံခဲ့သော သမိုင်းကြောင်းကို သက်သေထား၍ ပြောနိုင်သည်။ ထိုကဲ့သို့ပင် ငါးချီ စိန်ခေါ်ပွဲ၊ လေးချီ အထူးပွဲ တွဲဆိုင်းများကလည်း ပရိသတ်အကြိုက်တွေ့သော တွဲဆိုင်းများဖြစ်ကြောင်း အထောက်အထားရှိခဲ့သည်။ အထူးသဖြင့် ကချင်လေး (ဘိလပ်မြေစက်ရုံ)နှင့် ခိုင်လင်းဦး(တောင်ကလေး)၊ မိုးသီး (ဇေယျာရွှေမြေ)နှင့် ဝမ်းတူး (ဒေါင်းမြန်မာ)တို့ တွဲဆိုင်းများသည် 'တွေ့ရာကြိုးဝိုင်း လက်သီးမဆိုင်းတမ်း' ဟု အမိန့်ခြွန်ပြုထားသလား ထင်ရအောင်ပင် ပွဲကြမ်းခဲ့ကြပြီး ဝါရင့်လက်ဝှေ့သမား ထစ်ချုန်း(မိုးသောက်ကြယ်)နှင့် တက်လူ ဗီလှုံ(ရွှေကုက္ကို)တို့ တွဲဆိုင်းကလည်း ပထမဆုံးအကြိမ် တွေ့ခဲ့ကြသည့် နှစ်ကရင်ကျေးရွာပွဲ၌ ဖိုးကေနှင့် တွေ့မရှောင်တို့ ပွဲနှင့်အပြိုင်ပရိသတ်လက်ခုပ်သံ မြိုင်ခဲ့သော တွဲဆိုင်းဖြစ်သည်။

### ဆက်သွယ်ဝယ်ယူနိုင်

အောင်လံလုပွဲများ အပါအဝင် တစ်နေ့လျှင် ပွဲစဉ် ကိုးပွဲစီယှဉ်ပြိုင်ထိုးသတ်မည့် ဒင်္ဂုံရွှေအောင်လံ (၂၀၁၀) ပွဲကြီးအတွက် ဝင်ကြေး(တစ်နေ့) အထူးတန်း ကျပ်ရှစ်ထောင်၊ ရိုးရိုးတန်း ကျပ်

လူငယ်သော်လည်း အစွယ်ချွန် အဆိပ်ပြင်းသည့် စိုးလင်းဦး။

ငါးထောင် သတ်မှတ်ထားပြီး ကြိုတင်လက်မှတ်များကို ဖော်ပစ်တိုင်းထောင် ဗီဒီယို ၃၅ လမ်း (အလယ်) ဖုန်း - ၃၈၇၆၅၀၊ ၀၉-၅၁-၂၉၂၄၄ တို့၌ ဆက်သွယ်ဝယ်ယူနိုင်သည်။

### စီစဉ်ပေးထားမည်

၎င်းလက်မှတ်များတွင် ကံစမ်းမဲနံပါတ်များ ရိုက်နှိပ်ထားပြီး ဒင်္ဂုံရွှေအောင်လံ အမှတ်တရတီရှပ် အထည် ၁၀၀နှင့် ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ကျင်းပမည့် မြန်မာ့ရိုးရာနှင့် မွေထိုင်း စိန်ခေါ်ပွဲအတွက် အထူးတန်းလက်မှတ် အစောင်၅၀၊ ရိုးရိုးတန်းလက်မှတ် အစောင် ၁၀၀ကို မဲစနစ်ဖြင့် မေတ္တာလက်ဆောင်ပေးမည်ဟု သိရသည်။ ပြိုင်ပွဲကျင်းပမည့်နေ့တွင်လည်း အသင်းတိုက်မှတ်တိုင်မှ ပြိုင်ပွဲရုံသို့ မွန်းလွဲ ၁ နာရီခွဲမှစ၍ အခမဲ့ကြိုပို့ယာဉ် စီစဉ်ပေးထားမည်ဟုလည်း ကြားသိရပါကြောင်း။ ။**(မြန်မာ့အလင်း)**

**ရွှေဆိုင်းဘက်က ဂုဏ်သိက္ခာလုပွဲ ဖြစ်နေသကဲ့သို့ စောငမန်းဘက်ကလည်း ဂုဏ်သိက္ခာကာကွယ်ပွဲဖြစ်နေသည့်အတွက် ပရိသတ်စိတ်ကြိုက် ထိုးလုံးသတ်ကွက်ဖော်ကာ အောင်လံဆုကို အရယူမှသာ ၎င်း၏လက်ဝှေ့အနာဂတ် အလားအလာ ကောင်းမွန်ပါလိမ့်မည်။ သို့မဟုတ်ပါက မြန်မာပြည် ချန်ပီယံဘွဲ့ခံယူထားသည့်ကြားမှပင် ၎င်းထက်ဝါနုသော လက်ဝှေ့သမားတချို့လောက် ပရိသတ်မကြိုက် ပွဲလည်းမရ၊ ထိုးကြေးလည်း နည်းနေသေးရာ လက်ရှိအောင်လံလည်းစွန့်ရ၊ ပထမတန်း ချန်ပီယံလည်း မဟုတ်တော့ပါက သောင်ပြင်တင်သည့် ငမန်းဖြစ်သွားနိုင် ။**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ဦးလှဝင်းသည် ကစားဖော်များဖြစ်ကြသည့် ဦးရဲထွဋ် (လယ်ယာ/ဆည်မြောင်း)၊ ဦးဌေးလှိုင်(မာလာမြိုင်)၊ ဦးတင်ကို (ကျော်ရောင်းဝယ်ရေး)၊ ဦးစိန်ထွန်း(ရွှေရည်ဝင်း) တို့နှင့်အတူ ဇန်နဝါရီ ၉ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း (ငွေသော်တာကွင်း)၌ ဂေါက်သီးရိုက်ကစားစဉ် SRIXON NO. (1) ဘောလုံးကို IRON NO.(8) တုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၅၀အကွာရှိ ကျင်းအမှတ် (၁၂)သို့ တစ်ချက်တည်းကျင်းဝင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နည်းပညာတက္ကသိုလ်(ကျောက်ဆည်) ဒုတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

**ကျောက်ဆည် ဇန်နဝါရီ ၂၀**

ကျောက်ဆည်မြို့ နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာပြည့်ကျော်ထူး၏ ကြီးကြပ်မှုဖြင့် နည်းပညာတက္ကသိုလ်(ကျောက်ဆည်) ကျောင်းသား ကျောင်းသူများ၏ မန္တလေးဗဟိုအမျိုးသားသွေးလှူဘဏ်သို့ ဒုတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်းကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉နာရီက နည်းပညာတက္ကသိုလ်(ကျောက်ဆည်) ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

### ကြည့်ရှုအားပေး

နည်းပညာတက္ကသိုလ် (ကျောက်ဆည်) ကျောင်းသား ကျောင်းသူများ၏ စုပေါင်းသွေးလှူဒါန်းမှုကို မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း၏ ဦးစီးမှုဖြင့် မန္တလေး ဗဟိုအမျိုးသားသွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာခင်စိန်ဝင်းဦးဆောင်၍ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဓာတ်ခွဲဝန်ထမ်းများသည် ကျောင်းသား ကျောင်းသူများကို သွေးပေါင်ချိန်ခြင်း၊ သွေးစစ်ခြင်းများ ပြုလုပ်ပြီး ကျောင်းသား ကျောင်းသူများက သွေးလှူဒါန်းကြသည်။ ထိုသို့ ကျောင်းသား ကျောင်းသူများ၏ သွေးလှူဒါန်းမှုကို ကျောင်းအုပ်ကြီး ဒေါက်တာပြည့်ကျော်ထူးနှင့် တာဝန်ခံဒေါက်တာခင်စိန်ဝင်းတို့က ကြည့်ရှုအားပေးကာ နွားနို့၊ အချိုရည်၊ ကွေကာ၊ ကြက်ဥ၊ ၂၅ရက်စာ သွေးအားတိုးဆေးနှင့် သွေးလှူရှင် အမှတ်တရဦးထုပ်တို့ကိုပေးအပ်ကြသည်။ ထို့နောက် ကျောင်းအုပ်ကြီး ဒေါက်တာပြည့်ကျော်ထူးက လှူဒါန်းသည့် သွေးအိတ်များကို တာဝန်ခံ ဒေါက်တာခင်စိန်ဝင်းထံပေးအပ်ပြီး ဒေါက်တာခင်စိန်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုတံဆိပ်နှင့် သွေးလှူရှင်အမှတ်တရ ဦးထုပ်တို့ကို ပြန်လည်ပေးအပ်သည်။

### လှူဒါန်း

အဆိုပါနည်းပညာတက္ကသိုလ် (ကျောက်ဆည်) ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ်မြောက်စုပေါင်း သွေးလှူဒါန်းမှုတွင် ကျောင်းသား ကျောင်းသူ ၁၅၀ တို့က သွေးအိတ်ပေါင်း ၁၅၀ကို လှူဒါန်းခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြိုင်ပွဲ

နေပြည်တော်တပ်ကုန်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲ၊ ဆုပေးပွဲနှင့် ပိတ်ပွဲကို နေပြည်တော်တပ်ကုန်း အောင်ဆန်းခန်းမ၌ ဇန်နဝါရီ ၁၇ရက်က ကျင်းပရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ရေးကိုဦးတည် ချက်ထား၍ ထက်၊ လယ်၊ မူကျောင်းများ စာစီစာကုံးပြိုင်ပွဲ၊ မြို့နယ်တွင်းပညာရှင်များ၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုပြိုင်ပွဲဆုရရှိသူတို့အား မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးနေအောင်က ဆုချီးမြှင့်စဉ်။ (၀၉၁)

# မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၂၀

## ဝါဏိဇ္ဇဘွဲ့ရများအသင်း နှစ်ပတ်လည်စည်းဝေးမည်

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် လမ်း၅၀(အောက်) အမှတ်၃၇/၄၃ရှိ အသင်းတိုက်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းသားအသင်းသူများနှင့် B.Com, B.Act, B.BA ဘွဲ့ရများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

## နတ်တလင်းမြို့နယ်အသင်း သက်ကြီးပူဇော်မည်

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့်အတူ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၄ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရွှေတိဂုံစေတီတောင်ဘက်မုခ်အနီးရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှော်ရုံ၌ ကျင်းပမည်ဖြစ်သည်။

## ပုံနှိပ်/ထုတ်ဝေလုပ်ငန်းရှင်အသင်း နှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်( UMFCCI )၌ ဇန်နဝါရီ ၂၃ရက်(စနေနေ့)ညနေ ၃နာရီတွင် ကျင်းပမည်ဖြစ်သည်။

## ပန်းချီပန်းပုကျောင်း၌ ပန်းချီပြပွဲ ကြည့်ရှုခံစားနိုင်

ပန်းချီဝါသနာရှင်များအတွက် ပန်းချီပြပွဲများ အဆက်မပြတ်ကျင်းပလျက်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ ပန်းချီ ပန်းပုအနုပညာကျောင်း၌ The Art Gate အမည်ရှိ ပန်းချီပြပွဲပြသလျက်ရှိပြီး နေ့စဉ်နံနက်၉နာရီခွဲမှ ညနေ ၄နာရီခွဲအတွင်း ဇန်နဝါရီ ၂၂ရက်အထိ ခင်းကျင်းပြသထားမည်ဖြစ်ရာ ပန်းချီဝါသနာရှင်များ လာရောက်ကြည့်ရှု ခံစားနိုင်ကြသည်။

## နှင်းဆီနှစ်သစ် ပဒေသာကပွဲ ကျင်းပမည်

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ရန်ပုံငွေအတွက် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်) စီစဉ်တင်ဆက်ပြီး ရုပ်ရှင်၊ ဂီတအနုပညာရှင်များစွာ ပါဝင်ကပြမည့် နှင်းဆီနှစ်သစ် အနုပညာပဒေသာကပွဲကို အမျိုးသားကဇာတ်ရုံ(ရန်ကုန်)၌ ဇန်နဝါရီ ၂၂ရက်မှ ၂၄ရက်အထိ တင်ဆက်ပြသမည်ဖြစ်သည်။

## နွေရာသီ ရေကူးသင်တန်းတက်ရောက်နိုင်

နိုင်ငံတကာအတွေ့အကြုံရှိ ဝါရင့်နည်းပြများက ဦးစီးသင်ကြားပြသမည့် ကုက္ကိုင်းရေကူးအသင်း၏ နွေရာသီရေကူးသင်တန်းကို ဖေဖော်ဝါရီ ၂၇ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုပါက အမှတ် ၃၄ ဆရာစံလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၂၇၄၉ နှင့် ၇၀၃၅၂၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

## အထက(၁)နေပြည်တော်လယ်ဝေး မြတ်ဆရာပူဇော်ပွဲ

အထက(၁) နေပြည်တော်လယ်ဝေး၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၈ရက် (ကြာသပတေးနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ရန် ဖိတ်ကြားထားသည်။

## အမ်ဘီအေဘွဲ့ရများ ပြန်လည်ဆုံတွေ့ကြမည်

ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ၁၉၉၅ခုနှစ်မှ ၂၀၀၉ခုနှစ်အတွင်း အမ်ဘီအေဘွဲ့ရရှိခဲ့သူများ၏ ဆရာ ဆရာမများအား ဂါရဝပြုပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဇန်နဝါရီ၂၃ရက်(စနေနေ့)တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

## ရန်ကုန်လမ်းညွှန် ၂၀၁၀ စာအုပ်ထွက်ရှိ

ရန်ကုန်မြို့နှင့်ပတ်သက်၍ သိလိုသည်များစုံစမ်းနိုင်သော စီးပွားရေးလုပ်ငန်းနေရာများ၊ သတင်းအချက်အလက်များကို ရောင်စုံစာမျက်နှာများဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည့် ရန်ကုန်လမ်းညွှန် ၂၀၁၀စာအုပ် ထွက်ရှိနေပြီဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

မီးကိုကြိုတင်ကာကွယ်မှုဖြင့်
အနိုင်ယူပါ

## ရောဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ပုသိမ် ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ခရိုင်ဦးစီးအရာရှိများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၂ရက် နံနက် ၁၀နာရီက ပုသိမ်မြို့ ဧရာဝတီတိုင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်း**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဧရာဝတီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်း(**အပေါ်ပုံ**)က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိများက ခရိုင်တစ်ခုချင်းအလိုက် လုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ကျင်းပ**

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့သည်။

(တိုင်း ပြန်/ဆက်)

သဃ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့၏ မူခင်းကင်းမဲ့ရက်သတ္တပတ် ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၆ရက်က ကြီးပွားရေးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သုဝဏ္ဏရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်စိန်ဖြိုးမောင်က မှုခင်းဆိုင်ရာများ ပညာပေးဟောပြောစဉ်။ (၁၂၁)

## အထက(၆)ဗိုလ်တထောင် ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

အထက (၆)ဗိုလ်တထောင် (ယခင်စိန့်ပေါလ်ကျောင်း)တွင် ၁၉၆၅ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ သုံးနှစ်ဆက်တိုက် ပညာသင်ကြားပေးခဲ့ပြီး သက်ပြည့်အငြိမ်းစားယူသွားသော ဆရာဆရာမများအား ကျောင်းသားဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ်၂ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း ဘတ်စကက်ဘောအားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး မြတ်ဆရာပူဇော်ပွဲ အထိမ်းအမှတ် မိတ်ဆုံစားပွဲကိုလည်း ယင်းနေ့ ညနေတွင် ကျင်းပရန် စီစဉ်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

မြတ်ဆရာပူဇော်ပွဲသို့ ဆရာ ဆရာမကြီးများကိုယ်တိုင် အပူဇော်ခံ ကြွရောက်ကြပါရန်နှင့် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကန်တော့ကြပါရန် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီက ဖိတ်ကြားထားပြီး အလှူငွေ ထည့်ဝင်လိုသူများသည် ဦးမောင်မောင်အေး ဖုန်း-၂၂၇၃၂၂၊ ၂၂၁၅၈၆၊ ဦးတင်မောင်ထွေး ဖုန်း-၀၉-၅၀၃၃၈၃၅၊ ဦးတော်မီတင်ဦး ဖုန်း-၀၉-၅၁၁၄၇၃၀၊ ဦးစံရွှေ (ခ) ဝီလျံကို ဖုန်း-၀၉-၅၁၈၃၂၂၄၊ ၀၉-၅၀-၈၀၃၈၆၊ ဆရာမဒေါ်လှကြည်၊ ကိုမျိုးသန့် ဖုန်း-၅၇၃၅၈၅(လိုင်းခွဲ၂၈၆)၊ ကိုမြတ်မင်းစိုး ဖုန်း-၅၄၅၃၂၇ နှင့် ကိုအောင်မြတ်သူ ဖုန်း-၃၈၅၆၀၃ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

## ညောင်ရွှေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းဝေး

ညောင်ရွှေ ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၉နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် သဘာပတိအဖြစ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်လွင်က ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

**ရွေးချယ်**

ထို့နောက် ၂၀၁၀ခုနှစ် အမှုဆောင်သစ်အဖြစ် ဥက္ကဋ္ဌ ဦးခင်မောင်မြ (ညောင်ရွှေ-ခင်မောင်မြ)၊ အတွင်းရေးမှူး ဦးဉာဏ်ဝင်း(ညောင်ရွှေ-ဉာဏ်ဝင်း)နှင့် ဘဏ္ဍာရေးမှူး ဦးထွန်းစံ(နန္ဒနောင်-အင်းလေး) တို့ကို ရွေးချယ်ပြီး ညီလာခံကိုယ်စားလှယ်အဖြစ် အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြအား ရွေးချယ်သည်။ (ဝ၂၁)

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ရှားတောမြို့နယ်တွင် ကျောက်ချောလမ်းခင်း

ရှားတော ဇန်နဝါရီ ၂၀

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ်သိန်း ၃၀ဖြင့်ဆောင်ရွက်သော ရှားတောမြို့မှ မြောက်ရွာသို့ဆက်သွယ်သည့် မိုးကြိုးလမ်း ပေ ၈၉၀ ကျောက်ချောလမ်းခင်းခြင်းကို ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၄ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ၃၁ရက်တွင် လုပ်ငန်းအားလုံး ပြီးစီးခဲ့ပြီးဖြစ်၍ မြို့နယ် ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ အတွင်းရေးမှူး ဦးငြိမ်းချမ်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးဦးနှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၁၄ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (**အောက်ပုံ**)

(**မြို့နယ် ထွေ/အုပ်ဦးစီး**)

## ဆုချီးမြှင့်

ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ၁၀ရက်က အဆိုပါကျောင်းရှေ့ရှိ စုဝေးကွင်း၌ ကျင်းပရာ ဖျော်ဖြေတင်ဆက်မှု ထူးချွန်ဆုရ သတ္တမတန်းကျောင်းသူလေးများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေငွေမြင့်က ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျောင်းခန်းမ၌ ကျင်းပရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့် မယ်ဒလင်အတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရ သတ္တမတန်းကျောင်းသားမောင်စည်သူထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စောဝင်း ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

# လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေဗိုလ်မှူးချုပ်ချစ်သန်း(ငြိမ်း)-ဒေါ်ခင်အေးမူတို့၏တစ်ဦးတည်းသောသား

**မောင်ပြည့်စုံဖြိုး (ခ) မောင်ဖြိုးပြည့်စုံချစ်သန်း (AMI Mech E)**

**M.Sc in Mechanical Engineering (University of Lancaster, the UK) B.Eng in Mechanical & Automotive Engineering (University of Bradford, the UK) Year II (B.A in Business Management, Yangon)**

နှင့်

ရန်ကုန်မြို့နေ ဦးစိုင်းမောင်မောင်မြင့် (Chairman, Sky Lion Trading Co., Ltd. TIENS & Banner Store Supermarket) -ဒေါ်ခင်မင်းမင်းစိုး (MD, The Selection Co., Ltd.) တို့၏သမီးဦး

**မအေးနန္ဒာစိုး (Member of Chartered Management Institution, the UK) M.Sc in Project Management (University of Lancaster, the UK) Higher Education Diploma the UK in Business Administration (University of Hertfordshire, the UK) B.A in Business Management (Yangon), Foundation Degree in Business Studies (INTI International University College Malaysia) LCCI**

တို့၏ မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဆောင်ပစ္စည်းများပေးပို့ပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် ဇနီးများ၊ တက်ရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၏ဇနီးများ၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများတို့အားလည်းကောင်း၊ ၁၄-၁-၂၀၁၀ရက် Sedona Hotel Executive Club ခန်းမ၌တရားရုံးချုပ်တရားသူကြီး ဦးဟန်ရှိန်နှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ၊ သီဟသုဓမ္မသီဂီဒေါ်မြမြလေးတို့၏ရှေ့မှောက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုး၍ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော ဗိုလ်မှူးချုပ်ဆန်းဦးလှိုင်နှင့် ဗိုလ်မှူးချုပ်လှအောင်(ငြိမ်း)တို့အားလည်းကောင်း၊ ၁၅-၁-၂၀၁၀ရက် Sedona Hotel Executive Club ခန်းမ၌ပင် မင်္ဂလာနာယက ဗိုလ်မှူးချုပ်ပြည့်စုံ(ငြိမ်း)နှင့်ဇနီး ဒေါ်အေးပြည့်ဝေခင် တက်ရောက်၍ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဦးစိုးဟန်လင်းနှင့်ဇနီး ဒေါ်နန္ဒာအောင်တို့က မင်္ဂလာအောင်စံပယ်ပန်းကုံးများချီးမြှင့်ပေးပြီး မင်္ဂလာလက်ထပ်လက်စွပ်အား ဗိုလ်မှူးကြီး ဉာဏ်ထွန်းဦး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်စောဥမ္မာတို့က ဆင်မြန်းပေးကာ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင် စုလျားရစ်ပတ်လက်ထပ်ပြီးစီးပါကြောင်းနှင့် ၁၇-၁-၂၀၁၀ရက် နံနက်ပိုင်းတွင် ရွှေမန်းကျောင်း(မင်္ဂလာတောင်တော်ဦးကျောင်းတိုက်)၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် Sky Lion Co.,Ltd. မှ ဝန်ထမ်းများအားလည်းကောင်း၊ ၁၆-၁-၂၀၁၀ရက် Traders Hotel Ballroom ၌ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသင်မြင့်သန်း၊ မင်္ဂလာသတို့သားအရံများအဖြစ် ဆောင်ရွက်ပေးကြသော မောင်မြင့်မိုရ်မောင်မောင်နှင့် မောင်နိုင်လင်းကျော်လတ်၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးကြသော ဒေါက်တာနုမြတ်သီဂီဦးနှင့် ဒေါက်တာအေးမြသူဇာ၊ မင်္ဂလာပန်းကြဲအဖြစ် ဆောင်ရွက်ပေးပါသော Ms.Candy၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဇန်းကိုင်အဖြစ် ဆောင်ရွက်ပေးပါသော မဝင့်ဝါမင်းသိမ်း၊ မင်္ဂလာလက်ထပ် လက်စွပ်ဇန်းကိုင်ဆောင်ပေးပါသော မဟေမာနှင်းထက်၊ မင်္ဂလာပန်းခြင်းကိုင်အဖြစ် ဆောင်ရွက်ပေးပါသော သမီးငယ်မခင်စစ်သွေး၊ မင်္ဂလာရှေ့ပြေးအဖြစ် ဆောင်ရွက်ပေးကြပါသော သားငယ်များဖြစ်သည့် မောင်အောင် သီဟထွန်းနှင့် မောင်အောင်သူရထွန်း၊ သမီးငယ်များဖြစ်သည့် မလင်းလက်ရွှေရည်ဦးနှင့် မလင်းနန္ဒီထွန်းတို့အား လည်းကောင်း၊ မင်္ဂလာဝတ်စုံများချုပ်လုပ်ပေးကြသော Silk & Style မှ မစုမြတ်မင်း၊ မမိုးနှင့်အဖွဲ့၊ Zu Zu Collectionမှ မမဥ္စူ၊ ကိုပြည့်စိုးအောင်၊ 131 Fashion မှ မသဥ္စာထွန်း၊ Vivid Collection မှ မအိကျော်ဇင်၊ မိတ်ကပ်အလှ ဆင်ယင်ပေးပါသော မိုးကုတ်ပေါက်ပေါက်၊ စိုးစိုးနှင့် December နှင်းတို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့နှင့် မင်္ဂလာအခါတော်ပေးတေးသီချင်းသီဆိုပေး ကြပါသော အဆိုတော်နှင်းရည်သန့်နှင့် စိမ်းမို့မို့တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများတွင် ပန်းအလှ ပြင်ဆင်ပေးပါသော Eternal Floral မှ အန်တီနီလာ၊ မေတ္တာဖြင့်လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော စိန်ကေရာဇ်မှ ဦးထွန်းထွန်းဦး၊ ဒေါ်ရင်ရင်မြ၊ ပြည့်ဝေလျှံ စိန်ရွှေရတနာမှ မကလျာပြည့်ဝေလျှံ၊ She Shines မှ ဒေါ်စိုးစိုးမြင့်၊ မချိုချိုမာ၊ မင်္ဂလာဓာတ်ပုံနှင့် ဗီဒီယို ရိုက်ကူးရာ၌ ကူညီပေးပါသော ဝဏ္ဏခွာနီး၊ ဘုန်းမြတ်ထူး(စိုင်းဘုန်းထူး Studio)၊ ဇော်မင်းယုနှင့် အေးဇော် (ဇော်မင်းယု Studio)၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် မေတ္တာဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။ **မောင်ပြည့်စုံဖြိုး-မအေးနန္ဒာစိုး။**



# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးသန်းရွှေ-(ဒေါ်မြတင်)တို့၏သား

**မောင်ခင်မောင်ကြီး**

နှင့်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်(ရေကျော်လမ်း)နေ ဦးစောလှ-ဒေါ်ခင်ကြွယ်တို့၏သမီး

**မပပဝင်း**

တို့၏ ၁၆-၁-၂၀၁၀ရက်တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ အားလည်းကောင်း၊ ဗီဒီယိုကင်မရာဖြင့် မှတ်တမ်းတင်ရိုက်ကူးပေးသော ကိုအောင်ဆန်းဦးအားလည်းကောင်း၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုကင်မရာရိုက်ကူးပေးသော TRI-Star အဖွဲ့သားများအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ကူညီဆောင်ရွက်ပေးသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအစအဆုံးအထိ အားတက်သရောကူညီပေးသော ကိုအငယ်လေးအားလည်းကောင်း၊ သတို့သမီးဝတ်စုံများကို ကူညီချုပ်လုပ်ပေးသော မိုးဆမ်းပန်းဝတ်စုံဆိုင်အားလည်းကောင်း၊ ရတနာများကို ကူညီဝတ်ဆင်ပေးသော ကိုမြင့်စိုးရတနာဆိုင်အားလည်းကောင်း၊ သတို့သမီးအလှအပပြင်ပေးသော ပန်းရောင်ဆိုင်အားလည်းကောင်း၊ မင်္ဂလာစကားပြောဆိုဆုံးမစကားပြောကြားပေးသော ဦးဟန်ရှိန်(တရားရုံးချုပ်တရားသူကြီး)အားလည်းကောင်း၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသော ရွှိုင်ရယ်ဂါးဒင်းစားသောက်ဆိုင်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ခင်မောင်ကြီး-မပပဝင်း။**


**ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဆွာ-ငါးကြီးကွေ့-ပိတောက်ကုန်းလမ်းကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဒီဇင်ဘာ၂၃ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်ဦးတို့က ရှင်းလင်း တင်ပြစဉ်။**
(မြို့နယ်စည်ပင်)




KMD Computer Centre
ကမ္ဘာ့အေး
:: i-Office2007 :: Graphic Design
:: Desktop Publishing :: AutoCAD 2D
:: LCCI Computerised Accounting(MYOB)
:: Excel in Business Application

The Star News Journal
United Media Group

Grammar & Essay Class


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေရိပ်မွန်(၂)အိမ်ရာ၊ တိုက်အမှတ် Row House(R-10)၊ အခန်းအမှတ်R-10 သည် ယခုလက်ရှိဒေါ်စန်းလှိုင်အမည်ဖြင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဒေါ်စန်းလှိုင်ထံမှ ဒေါ်ဝါဝါဆွေသို့ တန်ဖိုး သတ်မှတ်ရောင်းချခဲ့ပါသဖြင့် ဒေါ်ဝါဝါဆွေ ၉/မတရ(နိုင်) ၀၀၃၉၄၁က တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန်လျှောက်ထားခြင်းကို ကန့်ကွက်လိုပါက မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာအုပ်ချုပ်ရေးဌာန (ရန်ကုန်)သို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။**


စာအုပ်စာပေ
လှူမိတ်ဆွေ

## ပညာရည်ချွန်ဆုပေးပွဲ
## အမက(၁၅) ရွှေပြည်သာ၌ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန် (မြောက်ပိုင်း)ခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၁၅) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက် နံနက် ၁၀နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးဦးလှရီ၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်မျိုးဆန်း၊ အမှတ်(၆)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်ဦးတို့က အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေး ကော်မတီဥက္ကဋ္ဌ ဦးညီညီအောင်နှင့် အမှတ်(၆) ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ဦးတို့က ကျောင်းအတွက် ဘိလပ်မြေအိတ် ၂၀ ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးလှရီက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

## မှတ်သုံးဦးကျေးလက်စာကြည့်တိုက် ပွင့်ဖြူမြို့နယ် ကျွဲထိကျေးရွာ၌ဖွင့်

**ပွင့်ဖြူ ဇန်နဝါရီ ၂၀**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျွဲထိကျေးရွာမှတ်သုံးဦးကျေးလက်စာကြည့်တိုက် အဆောက်အအုံ ကျေးလက်ကျန်းမာရေးဌာန၊ အဆောက်အအုံနှင့် အခြေခံပညာ မူလတန်းလွန်ကျောင်း ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်နံနက်၉နာရီက အဆိုပါအဆောက်အအုံများရှေ့၌ ပြုလုပ်သည်။

**ဖွင့်လှစ်ပေး**

အခြေခံပညာ မူလတန်းလွန်ကျောင်းဖွင့်ပွဲကို ခရိုင်ဥက္ကဋ္ဌ ဦးအောင်ဌေး၊ မြို့နယ်ဥက္ကဋ္ဌဦးလှဌေး၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းဌေးနှင့် အလှူရှင် ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံကို ခရိုင်ဥက္ကဋ္ဌ ဦးအောင်ဌေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးလှဌေး၊ ကျန်းမာရေးကြီးကြပ်(၁) ဦးမြင့်စန်းနှင့် အလှူရှင် ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ ယင်းနောက် မှတ်သုံးဦး ကျေးလက်စာကြည့်တိုက် အဆောက်အအုံကို မင်းဘူးခရိုင် ဥက္ကဋ္ဌ ဦးအောင်ဌေး၊ မြို့နယ် ဥက္ကဋ္ဌဦးလှဌေး၊ မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းနှင့် အလှူရှင် ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**ရှင်းလင်းပြောကြား**

အခမ်းအနားကို အခြေခံပညာ မူလတန်းလွန်ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ အလှူရှင်ဦးဝင်းနိုင် (WEG)ကုမ္ပဏီက စာကြည့်တိုက်၊ ကျန်းမာရေးဌာန၊အခြေခံပညာမူလတန်းလွန်ကျောင်း ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဆောက်အအုံများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများနှင့် ဖွင့်ပွဲအထိမ်းအမှတ်အလံများကို သက်ဆိုင်ရာဌာနများသို့ ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

**ညောင်ဦးမြို့ ငှက်ပစ်တောင်ရှိ ကျေးလက်ရေပေးရေး ရေတွင်းစက်များ လည်ပတ်မှုအခြေအနေကို ဇန်နဝါရီ ၁၀ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမျိုးအောင်နှင့် အင်ဂျင်နီယာမှူး ဦးမျိုးကျော်စိုး ရှင်းလင်းတင်ပြစဉ်။**
(မြို့နယ်စည်ပင်)

အီလက်ထရွန်နစ်နှင့်ကွန်ပျူတာနည်းပညာပြပွဲကြီး
၃၁-၁-၂၀၁၀ မှ ၃-၂-၂၀၁၀
Smart Business Group, Ph:01 663837, 09 50 99079, 09 86 20600

# မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

၁၇-၁-၂၀၁၀ရက်တွင် Traders Hotel (Myanmar Ballroom)နှင့် Sedona Hotel (Grand Ballroom)တို့၌ ကျင်းပသော မောင်ကျော်စွာဟိန်းနှင့် မနှင်းဝေတင့်တို့၏ မင်္ဂလာညှော်ခံပွဲနှင့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ခြင်းမပြုနိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော၊ စစ်ဘက်နယ်ဘက်၊ ဝန်ကြီးဌာနများမှ အရာရှိကြီးများနှင့်ဇနီးများ၊ မိသားစုများ၊ ဆရာများနှင့် ဇနီးများ၊ စတသ(၂၀)ကျောင်းဆင်းသူငယ်ချင်းများနှင့် ဇနီးများ၊ လေကြောင်းလိုင်းများမှ လေယာဉ်မှူးကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါသောအရာရှိများ၊ စစ်သည်များ၊ မိသားစုများအားလည်းကောင်း၊ KAH HOCK PTE Ltd S'pore မှ ဒါရိုက်တာများ၊ Oversea မှ ကြွရောက်ချီးမြှင့်ပေးသော ဧည့်သည်တော်များအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော မဇာခြည်နွေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မအိစန္ဒာစိုးနှင့် မအိယုဇနခင်၊ သတို့သားအရံများဖြစ်ကြသော မောင်ကျော်ဇေယျနှင့် မောင်မင်းခိုင်သန့်၊ သတို့သမီးအရံများ ဖြစ်ကြသော မမေသဇင်နှင့် မခင်လပြည့်ဝင်း၊ မင်္ဂလာဝတ်စုံနှင့်အလှမိတ်ကပ် ခင်စန်းဝင်းတို့အားလည်းကောင်း၊ မင်္ဂလာညစာစားပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော မလဲ့လဲ့ဝင်း၊ ညစာစားပွဲတွင် ရှေ့ဆောင်လျှောက်လှမ်းပေးပါသော မောင်ဇာနည်နေသွေး၊ မင်္ဂလာညစာစားပွဲဝတ်စုံနှင့် အလှမိတ်ကပ် Forever၊ ဓာတ်ပုံဗီဒီယို Akai နှင့်အဖွဲ့၊ ဖိတ်စာဒဂုန်ပုံနှိပ်တိုက်၊ တီးဝိုင်း Cupid Band၊ Royal Music Band တို့အားလည်းကောင်း၊ Traders နှင့် Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်စွာဟိန်း-မနှင်းဝေတင့်။**

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
ဗိုလ်မှူးမြတ်စိုး(ငြိမ်း) [ဒုတိယညွှန်ကြားရေးမှူး၊ အထွေထွေစီမံခန့်ခွဲရေး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း]-ဒေါ်သန်းသန်းနုတို့၏ သား

**မောင်မြတ်ဇင်ဦး**

**B.Sc(Physics),B.Tech(E.P),A.G.T.I(E.P)**

**Electrical Officer (UNITEAM MARINE LIMITED)**

နှင့်

ရန်ကုန်မြို့ ဒေါပုံမြို့နယ်နေ
ဦးတင်မောင်(ရွှေဆက်ကဖီး)-(ဒေါ်ခင်ခင်စမ်း)တို့၏သမီးထွေး

**မတင်ဇာဇာလင်း**

**B.A(English),B.Tech(E.P),A.G.T.I(E.P)**

တို့၏၁၆-၁-၂၀၁၀ရက်(စနေနေ့)တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြီးစီးခဲ့သောမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးအောင်သိန်း(ငြိမ်း) (ဒုတိယဝန်ကြီး-ငြိမ်း)နှင့် ဇနီးဒေါ်ခင်မြနွယ်တို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဇနီးဒေါ်ဝင်းဝင်းမော်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှအရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသီချင်း သီဆိုပေးသော ဇမ်နူး၊ The Aces Music Band နှင့် တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မမြဘုန်းသက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ကိုင်ဆောင်ပေးသော မောင်ဝဏ္ဏထွန်းနှင့် မအိမ့်သက်သက်မိုး၊ မင်္ဂလာသတို့သားအရံ မောင်ကျော်သူရဖြိုးနှင့် မောင်မြတ်ဖြိုးဟန်၊ မင်္ဂလာသတို့သမီးအရံ မဝင့်မြတ်ချိုနှင့် မနေနွယ်သိန်းတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော Yes I do နှင့် မိတ်ကပ်အလှပြင်ဆင်ပေးသော အောင်အောင်(တောင်ကြီး)အားလည်းကောင်း၊ မင်္ဂလာဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော ဓာတ်ပုံဝဏ္ဏခွာနီးနှင့်အဖွဲ့သားများအားလည်းကောင်း၊ ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မေတ္တာစေတနာဖြင့် ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်မြတ်ဇင်ဦး-မတင်ဇာဇာလင်း။**

ညီနိုင်းဈေးဖြင့် အမြန်ရောင်းမည်။
မြောက်ဥက္ကလာပ ဧရာဝတီလမ်းမပေါ်
မြေအကျယ် ၅၀ × ၁၀၀ ရှိ
ဖုန်း - ၀၁-၅၉၄၁၁၇ ၊ ၀၁-၇၂၆၁၀

ရောင်းမည်
Kenbo 125 ,Wave 100, XGJAO (TENA) ၁ယ/ကိုးသောင်းကျော်များ ရောင်းရန်ရှိသည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၂၆၂၁၉၊၀၁-၅၁၉၄၇၀။

ရွှေပုရား

NINJA ASSASSIN
RAIN, BEN MILES, RANDALL DUK KIM, SUNG KANG
AVATAR
SAM WORTHINGTON, ZOE SALDANA, SIGOURNEY WEAVER

ကျေးဇူးဆပ်ပါမည်
ကျွန်တော် သူရမြသိန်း(C.D.C-40554) ၏ Allowment Card သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၆၃၇၂၇၈။

## လွတ်လပ်ရေးနေ့အခမ်းအနား ချောင်းဦးမြို့နယ်၌ ကျင်းပ

ချောင်းဦး ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် ပြည်သူ့အားကစားကွင်း အတွင်း၌ ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် အလေးပြုပွဲအခမ်းအနားများကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀က ကျင်းပသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးညွန့်မောင်က ဖတ်ကြားသည်။

(မြို့နယ် ပြန်/ဆက်)

## ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံများ ကျောက်ဆည်၌ ဖွင့်

ကျောက်ဆည် ဇန်နဝါရီ ၂၀

ကျောက်ဆည်မြို့နယ် ရေပြစ်ကြီးကျေးရွာသုတအလင်းရောင်စာကြည့်တိုက်နှင့် ထုံးဘိုကျေးရွာ ဖူးပွင့်စာကြည့်တိုက် အဆောက်အအုံသစ်များ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ ရေပြစ်ကြီးကျေးရွာသုတ အလင်းရောင် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအေးလွင်နှင့် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ထုံးဘိုကျေးရွာ ဖူးပွင့်စာကြည့်တိုက်အဆောက်အအုံကို ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးလှမြင့်နှင့် ရပ်မိရပ်ဖ ဦးကျော်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လှူဒါန်းပွဲကိုကျင်းပရာ ခရိုင်ဦးစီးအရာရှိကစာအုပ်စာစောင်များ လှူဒါန်းကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

663317, 660283, 251230, 681310

201446
293159
09516004

ဆာကူရွေး အင်္ဂလိပ်စာသင်တန်း
Essay, Letter
Ph:0981 72096, 0951 98014, 01-240683

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး (မြန်မာ့အလင်း)

## ကမ္ဘာ့အကြီးဆုံး ကြွေထည်ပန်းချီကား

တရုတ်နိုင်ငံ ကျင်းတီဇန့်မြို့၌ ဝမ်ကျီကျွမ်အမည်ရှိ ပန်းချီဆရာတစ်ဦး ဖန်တီးရေးဆွဲလိုက်သည့် ကြွေထည်ပန်းချီကားမှာ အရှည် ၃ဒသမ ၃၆မီတာ၊ အမြင့် ၁ဒသမ ၅၈မီတာရှိရာ ကမ္ဘာ့အကြီးဆုံးကြွေထည်ပန်းချီကားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။ **(အပေါ်ပုံ)** ပန်းချီဆရာဝမ်ကျီကျွမ်မှာ သူ၏လက်ထောက် ၁၀ဦးနှင့်အတူ နှစ်လကျော်အချိန်ယူကာ ယင်းပန်းချီကားကို ရေးဆွဲခဲ့ကြောင်း၊ ပန်းချီကား၏အလေးချိန်မှာ ကီလိုဂရမ် ၂၀၀ရှိကြောင်း သိရသည်။ **(အင်တာနက်)**

## ဗီဒီယိုဂိမ်း အချိန်အကြာဆုံး ကစားနိုင်သူ

အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ် ကလက်စ်ဗယ်လီမြို့၌ နေထိုင်သည့် ဒေးဗစ်ရီးရားအမည်ရှိ လူငယ်တစ်ဦးမှာ နာရီပေါင်း ၅၅နာရီကြာ မနားတမ်း ဗီဒီယိုဂိမ်းကစားခဲ့ရာ ကမ္ဘာပေါ်တွင် အချိန်အကြာဆုံး ဗီဒီယိုဂိမ်းကစားသူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။(ဝဲပုံ)ဒေးဗစ်ရီးရားမှာ အသက် ၁၉နှစ်ရှိပြီဖြစ်၍ ဗီဒီယိုဂိမ်းကစားချိန်၌ ၎င်း၏ မိဘနှစ်ဦးကိုယ်တိုင် အစားအသောက်များကို ခွံ့ကျွေးခဲ့ကြောင်း သိရသည်။ (အင်တာနက်)

## ကမ္ဘာ့အရှည်ဆုံး ငှက်ကုလားအုပ်သား အသားညှပ်ပေါင်မုန့်

အီရန်နိုင်ငံ တီဟီရန်မြို့၌ စားဖိုမှူးများစုပေါင်းကာ အရှည်မီတာ ၁၅၀၀ရှိ ငှက်ကုလားအုပ်သားဖြင့် အသားညှပ်ပေါင်မုန့် ပြုလုပ်ခဲ့ရာ ကမ္ဘာပေါ်တွင် ငှက်ကုလားအုပ်သားဖြင့်ပြုလုပ်ထားသည့် အရှည်ဆုံးအသားညှပ်ပေါင်မုန့်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။**(အောက်ပုံ)** ယင်းအသားညှပ်ပေါင်မုန့်အတွက် ငှက်ကုလားအုပ်သား ကီလိုဂရမ် ၁၀၀၀နှင့် ကြက်သားကီလိုဂရမ် ၇၀၀ကို ထည့်သွင်းပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

# ဘော့ဆွာနာသမ္မတနိုင်ငံ

## နိုင်ငံတကာသတင်းအက်ဆေး

ဘော့ဆွာနာ သမ္မတနိုင်ငံသည် အာဖရိကတိုက်တောင်ပိုင်းတွင် တည်ရှိသည်။ ဤနိုင်ငံသည် အာဖရိကတိုက်တွင် အတည်ငြိမ်ဆုံးနှင့်ပါတီစုံဒီမိုကရေစီကျင့်သုံးမှု သက်တမ်းအရှည်ဆုံးနိုင်ငံဖြစ်သည်။ ဤနိုင်ငံ၌ အဂတိလိုက်စားမှု အတန်ကင်းပြီး လူ့အခွင့်အရေးမှတ်တမ်းလည်း ကောင်းမွန်သည်ကို တွေ့ရသည်။

### ရုပ်တည်

ဤနိုင်ငံသည် ကမ္ဘာပေါ်တွင် စိန်အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေကာ ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ရုပ်တည်နိုင်သည်။

### ခြောက်သွေ့

သဲကန္တာရများဖြင့် ပူပြင်းခြောက်သွေ့သည့်အတွက် လူနေကျဲသည်။ တောရိုင်းမြေတွင် အမဲလိုက်အသက်မွေးသည့် လူမျိုးများရှိရာ ကလာဟာရီသဲကန္တာရက နိုင်ငံပိုင်နက် နယ်မြေအများအပြားကို ဖုံးအုပ်ထားသည်။ ဒေသအများစုမှာ မွေးမြူရေးထက် စိုက်ပျိုးရေးကို ဦးစားပေးရန်မဖြစ်နိုင်လောက်အောင် မိုးနည်းခြောက်သွေ့သည်။

### ပြည်နှင်ဒဏ်ပေး

ဤနေရာဤဒေသသို့ ရွှေ့ရာဖွေသူ ဥရောပတိုက်သားများ ၁၈၆၇ ခုနှစ်တွင် ရောက်ရှိလာကြပြီး သတ္တုတူးဖော်မှုများ စတင်ခဲ့သည်။ ၁၈၈၅ခုနှစ်တွင် ဗြိတိသျှတို့က အထိန်းသိမ်းခံနိုင်ငံအဖြစ်ကြေညာပြီး ဘက်ချွာနာလင်းဟု အမည်ပေးလိုက်သည်။ ၁၉၅၀ ပြည့်နှစ်တွင် ငွာတိုလူမျိုးစုခေါင်းဆောင် ဆီရက်ဆီခမာအား ဗြိတိသျှတို့က ပြည်နှင်ဒဏ်ပေးလိုက်သည်။

### အုပ်ချုပ်ရေးမြို့

၁၉၅၉ခုနှစ်တွင် ကြေးနီသတ္တုတူးဖော်ရေးစတင်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ဘက်ချွာနာလင်း ပြည်သူ့ပါတီ(ဘီဒီပီ)ကို ထူထောင်သည်။ ထိုနှစ်ဒီဇင်ဘာတွင် ဘက်ချွာနာလင်းဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ဗြိတိန်ကအတည်ပြုလိုက်သည်။ အုပ်ချုပ်ရေးကောင်စီ၊ ဥပဒေပြုကောင်စီနှင့် အာဖရိကကောင်စီတို့ကို ဖွဲ့စည်းသည်။ ၁၉၆၁ခုနှစ်တွင် ဆီရက်ဆီခမာအား အုပ်ချုပ်ရေးကောင်စီတွင် ခန့်အပ်လိုက်သည်။ ၁၉၆၂ ခုနှစ်တွင် ဆီရက်ဆီခမာက ဘက်ချွာနာလင်း ဒီမိုကရက်တစ်ပါတီ(ဘီဒီပီ)ကိုထူထောင်သည်။ နောက်ပိုင်းတွင် ဘီဒီပီပါတီသည် ဘော့ဆွာနာဒီမိုကရက်တစ်ပါတီ ဖြစ်လာသည်။ ၁၉၆၅ ခုနှစ်တွင် ဂါဘိုရွန်သည် အုပ်ချုပ်ရေးမြို့ ဖြစ်လာခဲ့သည်။

### ရွေးချယ်

၁၉၆၅ ခုနှစ်တွင် ဘီဒီပီပါတီသည် ရွေးကောက်ပွဲတွင် အနိုင်ရသည်။ ဆီရက်ဆီခမာဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၆၆ ခုနှစ် စက်တင်ဘာလတွင် ဘက်ချွာနာလင်း လွတ်လပ်ရေး ရပြီးနောက် ဘော့ဆွာနာသမ္မတနိုင်ငံဖြစ်လာသည်။ ဆီရက်ဆီခမာ သမ္မတ ဖြစ်လာသည်။ ပထမဆုံး သမ္မတဖြစ်သည်။ ၁၉၆၇ ခုနှစ်တွင် အိုရာပါ၌ စိန်ရှာဖွေတွေ့ရှိသည်။ ၁၉၆၉ ခုနှစ် ဩဂုတ်လ အထွေထွေ ရွေးကောက်ပွဲ၌ ဘီဒီပီပါတီအနိုင်ရပြီး ဆီရက်ဆီခမာ နောက်ထပ်သက်တမ်းအတွက် သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက် ခံခဲ့ရသည်။

### ပြန်လည်အရွေးခံ

၁၉၇၇ခုနှစ် မတ်လတွင် ဘော့ဆွာနာကာကွယ်ရေးတပ်မတော်ကို ဖွဲ့စည်းသည်။ ၁၉၇၉ခုနှစ် အောက်တိုဘာလ အထွေထွေရွေးကောက်ပွဲတွင် ဘီဒီပီပါတီအနိုင်ရပြီး သမ္မတ ပြန်လည်အရွေးခံရပြန်သည်။

### တင်မြှောက်

၁၉၈၀ ခုနှစ်တွင် သမ္မတဆီရက်ဆီခမာ ကွယ်လွန်သည်။ အမျိုးသားလွှတ်တော်က ဒုတိယသမ္မတဟောင်းကွက်မဆိုင်းယားအား သမ္မတအဖြစ် တင်မြှောက်လိုက်သည်။ ၁၉၈၄ခုနှစ် စက်တင်ဘာလ အထွေထွေရွေးကောက်ပွဲတွင် ဘီဒီပီပါတီ အနိုင်ရပြီး ကွက်မဆိုင်းယားကို သမ္မတအဖြစ်ပြန်လည်တင်မြှောက်သည်။ ၁၉၈၉ ခုနှစ် အောက်တိုဘာ ရွေးကောက်ပွဲ၌ ဘီဒီပီပါတီပင် အနိုင်ရကာ အမျိုးသားလွှတ်တော်က မဆိုင်းယားအား သမ္မတအဖြစ် တင်မြှောက်ပြန်သည်။ အလားတူပင် ၁၉၉၄ခုနှစ် အောက်တိုဘာ ရွေးကောက်ပွဲ၌လည်းဘီဒီပီပါတီကထောက်ခံမဲ ၅၃ရာခိုင်နှုန်းရကာ မဆိုင်းယားကိုပင် အမျိုးသားလွှတ်တော်က သမ္မတအဖြစ် တင်မြှောက်ခဲ့သည်။

### လျှော့ချ

၁၉၉၇ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ပြီး သမ္မတသက်တမ်းကို ငါးနှစ် နှစ်ကြိမ် ကန့်သတ်လိုက်သည်။ မဲဆန္ဒရှင်များအတွက် မဲပေးပိုင်ခွင့်အသက်ကန့်သတ်ချက်ကို ၂၁နှစ်မှ ၁၈နှစ်သို့ လျှော့ချလိုက်သည်။

၁၉၉၈ခုနှစ် မတ်၊ ဧပြီလတွင် သမ္မတမဆိုင်းယားနုတ်ထွက် အနားယူသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ဒုတိယသမ္မတဟောင်း ဖက်တပ်မိုဂေး သမ္မတဖြစ်လာသည်။

၁၉၉၉ ခုနှစ် အောက်တိုဘာ ရွေးကောက်ပွဲတွင် ဘီဒီပီပါတီအနိုင်ရပြီး ဖက်တပ်မိုဂေးအား သမ္မတအဖြစ်အတည်ပြုသည်။ ၂၀၀၄ ခုနှစ် အောက်တိုဘာ ရွေးကောက်ပွဲတွင် သူ့ပါတီအနိုင်ရကာ သမ္မတမိုဂေးနောက်ထပ်သက်တမ်းအတွက် ပြန်လည်တာဝန်ပေးအပ်ခံရသည်။ ၂၀၀၈ ခုနှစ် ဧပြီလတွင် ဆီရက်ဆီခမာက သမ္မတအဖြစ် တာဝန်ယူလိုက်ပြီး ၂၀၀၉ ခုနှစ် အောက်တိုဘာရွေးကောက်ပွဲတွင် ဘီဒီပီပါတီအနိုင်ရကာ သမ္မတဆီရက်ဆီခမာအား နောက်ထပ်ငါးနှစ် သမ္မတသက်တမ်းအတွက် ပြန်လည်တင်မြှောက်လိုက်သည်။

### အလားအလာကောင်း

ဘော့ဆွာနာသမ္မတနိုင်ငံသည် စိန်ကိုအဓိကပို့ကုန်အဖြစ်မှီခိုနေရာမှ အခြားသောလုပ်ငန်းများကို ရှာကြံလျက်ရှိသည်။ တောလည်ခရီးသွားလုပ်ငန်းအတွက် ရှိပြီးအခြေခံကောင်းများကို အသုံးပြုလျှင် ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းမှာ ဤနိုင်ငံ၏ အလားအလာကောင်းသော စီးပွားဖြစ်လုပ်ငန်းတစ်ခုဖြစ်လာနိုင်သည်။ ***ကိုးကား-အင်တာနက်***

**ဤနိုင်ငံသည် အာဖရိကတိုက်တွင် အတည်ငြိမ်ဆုံးနှင့် ပါတီစုံဒီမိုကရေစီကျင့်သုံးမှု သက်တမ်းအရှည်ဆုံး နိုင်ငံဖြစ်၊ ဤနိုင်ငံ၌ အဂတိလိုက်စားမှုအတန်ကင်းပြီး လူ့အခွင့်အရေး မှတ်တမ်းလည်း ကောင်းမွန်။**

*တိုး - ရေးသားသည်*

## ဘာဝဒသာန

- **Don't be satisfied with being good at your job. Be the best, and you'll soon be indispensable.**
  သင့်လုပ်ငန်းတွင် ကောင်းမွန်သည်ဆိုရုံမျှဖြင့် ကျေနပ်မနေပါနှင့်။ အကောင်းဆုံးဖြစ်ပါစေ။ ဤတွင် သင်သည် မကြာမီ မရှိလျှင်မဖြစ်သော ပုဂ္ဂိုလ်ဖြစ်လာပါလိမ့်မည်။

- **The man who can give his employer a good reputation nearly always is given a good reputation by his employer.**
  အလုပ်ရှင်အား သိက္ခာတက်အောင် လုပ်ပေးနိုင်သူကို အလုပ်ရှင်ကလည်း အမြဲလိုလို သိက္ခာပြန်တင်ပေးပါလိမ့်မည်။

နပိုလီယံဟီးလ်

*နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ*

*တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်း၊ အေးသန္တာသိန်းနှင့် မြကေခိုင်စိုး*

# (၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချောက်မြို့ အမှတ်(၁)ရပ်ကွက် အဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ချောက် ဇန်နဝါရီ ၁၅

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း ချောက်မြို့နယ် အမှတ်(၁)နယ်မြေ အမှတ်(၁)ရပ်ကွက် အဝင်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ရက် နံနက် ၈နာရီက အဆိုပါကတ္တရာလမ်းသစ် မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက အမှတ်(၁)ရပ်ကွက် အဝင်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အမှတ်(၁)ရပ်ကွက်မှ ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

**ဖွင့်လှစ်**

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါအမှတ်(၁)ရပ်ကွက် အဝင်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်သည် အရှည် ပေ၁၂၀၀၊ အကျယ် ၁၂ပေဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ထည့်ဝင်ငွေကျပ် ၂၃၂၀၀၀၀နှင့် ပြည်သူများထည့်ဝင်ငွေကျပ် ၁၉၄၇၀၀၀ တို့ဖြင့် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

**တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကင်းတောင်၊ ကမ်းထောင့်ကြီးကျေးရွာ မြေသားလမ်းဖောက်လုပ်ဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၈ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်နုနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှဖော်ဇံက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ရွှေကျီးနား-မင်းလှ ကျေးလက်ကျောက်ချောလမ်းဖွင့်

ဗန်းမော် ဇန်နဝါရီ ၁၃

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ဗန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်သည့် ရွှေကျီးနား-မင်းလှ ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက်ကကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ချိုနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးခင်မောင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါကျောက်ချောလမ်းသစ်သည် အရှည်ပေ ၂၀၀၀နှင့် အကျယ် ၁၂ပေရှိပြီး ဗန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စုစုပေါင်းငွေကျပ် ၁၁၂၈၀၀၀၀ ဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

## ကတ္တရာခင်း

**အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရွှေသွယ်ထွန်းလမ်း ကတ္တရာ လမ်းသစ်ခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၀ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

# စာပေဟောပြောပွဲ ကနီမြို့နယ်၌ကျင်းပ

ကနီ ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်း ကနီမြို့နယ် လာဘို့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ စာပေဟောပြောပွဲကို ဒီဇင်ဘာ ၆ရက် ည ၇နာရီက ကျင်းပသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ ပျဉ်းမနားမြင့်လှိုင်၊ နွမ်ဂျာသိုင်းနှင့် ချစ်စံဝင်းတို့က ဟောပြောကြရာ စာပေဝါသနာရှင် ပြည်သူ ၁၈၀၀ကျော်တို့ တက်ရောက်ကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ညောင်လေးပင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကျင်းပ

ညောင်လေးပင် ဇန်နဝါရီ ၁၀

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၅ရက် မွန်းလွဲ ၁နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က အမှာစကားပြောကြားပြီး အဖွဲ့ဝင်များက မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် ရှေ့ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးအကြံပြုကြသည်။

ဆက်လက်၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ပွဲကျင်းပရာ ၂၀၁၀-၂၀၁၃ အတွက် ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က ဥက္ကဋ္ဌ၊ ဦးသိန်းအောင်(သိန်းအောင်ဦး-ညောင်လေးပင်)က ဒုတိယဥက္ကဋ္ဌ၊ ဦးနေလင်း[သတင်းထောက်-ပြန်/ဆက်(ငြိမ်း)]က အတွင်းရေးမှူး၊ ဦးသိန်းညွန့် (သတင်းထောက်- သိန်းညွန့်)က ဘဏ္ဍာရေးမှူးတို့ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ **(စာပေနှင့်စာနယ်ဇင်း)**

**မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် မင်းရွာကိုင်းကျေးရွာ သံကူကွန်ကရစ်ပေါင်းကူးတံတား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# လားရှိုး လမ်းဆုံများတွင် ဒီဂျစ်တယ်မီးပွိုင့်များတပ်ဆင်

လားရှိုး ဇန်နဝါရီ ၁၀

လားရှိုးမြို့ရှိ လူစည်ကားရာ လမ်းဆုံများတွင် အဆင့်မြင့်ဒီဂျစ်တယ်မီးပွိုင့်စနစ်ကို ဒီဇင်ဘာ ၁ရက်မှစတင်၍ ဆောင်ရွက်ကြသည်။ လားရှိုးမြို့တွင် မီးပွိုင့်စနစ်ကို ၂၀၀၈ခုနှစ်မှစတင်၍ ဘူတာလမ်းနှင့် နမ္မတူလမ်းဆုံတွင်လည်းကောင်း၊ သိန်းနီလမ်းနှင့် လားရှိုးကြီး လေယာဉ်ကွင်းလမ်းဆုံတွင်လည်းကောင်း အသုံးပြုခဲ့ရာမှ ယခုအခါ အဆင့်မြင့် ဒီဂျစ်တယ်မီးပွိုင့်စနစ်ကို ထပ်မံတိုးချဲ့တပ်ဆင်ခြင်းဖြစ်ရာ မီးပွိုင့်များကိုလည်း လားရှိုးမြို့ မန္တလေးလမ်းနှင့် ရေကန်လမ်းဆုံတွင်လည်းကောင်း၊ သိန်းနီလမ်းနှင့် ရှမ်းခိုလောင်လမ်းဆုံတွင်လည်းကောင်း တပ်ဆင်အသုံးပြုနိုင်ရန် ဆောင်ရွက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# ရေစကြိုစစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ကြေးပေးအပ်

ရေစကြို ဇန်နဝါရီ ၁၆

**ရေစကြိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက်(၇၅)နှစ်ပြည့်ပြီးသူများအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ ထောက်ပံ့ကြေးငွေများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။**

**ပေးအပ်**

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်မှူးမျိုးသန်းထွန်း (ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌက စစ်မှုထမ်းဟောင်းများနှင့် ပတ်သက်သော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ (၇၅)နှစ်ပြည့်ပြီး စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြတ်ဆရာပူဇော်ပွဲ ညောင်တုန်းမြို့၌ကျင်းပမည်

*ညောင်တုန်း ဇန်နဝါရီ ၁၇*

*ညောင်တုန်းမြို့ရှိ ယခင်အထက၊ အလက(၁)၊ အလက(၂)နှင့် ယခု အထက (၁)၊ အထက(၂)နှင့် မြို့မအလကတို့တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ညောင်တုန်းမြို့ အထက(၁) လှိုင်ပညာခန်းမ၌ ဇန်နဝါရီ ၂၃ရက် နံနက် ၉နာရီ၌ ကျင်းပမည်ဖြစ်သည်။*

**နှိုးဆော်**

*ထိုကျောင်းများတွင် ပညာသင်ကြားပေးခဲ့ကြပြီး သက်ပြည့်အငြိမ်းစား ဆရာ ဆရာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက် ပူဇော်ကန်တော့ခံကြရန်၊ ကျောင်းသားကျောင်းသူဟောင်းများ အမှတ်တရ ပြန်လည်ဆုံတွေ့နိုင်ကြရန်နှင့် မပျက်မကွက် တက်ရောက်ကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။* *(၁၅၂)*

**သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ပလတ်စတစ်အိတ်ပါး(ကြွပ်ကြွပ်အိတ်) ကင်းစင်နယ်မြေသတ်မှတ်ရေးအတွက် သုံးစွဲမှုရှိမရှိကို ဒီဇင်ဘာ၁၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

## မြို့နယ်သတင်းများ

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၄ရက်က မြို့အဝင် လမ်းဘေးဝဲယာတစ်လျှောက်မြက်ဖြတ်ခြင်း၊ လမ်းပခုံးတိခြင်းလုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံမှ တာဝန်ယူတည်ဆောက်လျက်ရှိသော မှန်စက်ရုံစီမံကိန်း(ကျောက်ဆည်)အတွက် Centrifugal Pump-3 Sets နှင့် 3Ø 30HP Motor 3 Nos ဝယ်ယူရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၉-၁-၂၀၁၀ ရက်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့် အချက်အလက်များကို အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ် ၀၆၇-၄၀၈၃၄၀နှင့် ၀၁-၅၃၀၄၄၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။**

## အမည်မှန်

အဖ ဦးမြင့်ဝေ၏ သမီးဖြစ်သူ ၁၂/ရကန(နိုင်) ၀၆၀၇၉၂ ၏ အမည်မှန်မှာ မအေးကလျာ(ခ) မင်းမင်းခင် ဖြစ်ပါကြောင်း။

**မအေးကလျာ(ခ)မင်းမင်းခင်။**

## အမည်ဖြည့်စွက်ခေါ်ပါရန်

အဖဦးဝင်းတင့်၏သား အမှတ်(၁၈) ပြည်တော်သာ ၈လမ်း၊ ဝါယာလက်၊ မင်္ဂလာဒုံနေ မောင်ရန်ငြိမ်းအောင်အား မောင်ရန်ငြိမ်းအောင်(ခ)မောင်အောင်ကောင်းမြတ်ဟု ဖြည့်စွက်ခေါ်ပါရန်။

## ကွန်ပျူတာ အိမ်လိုက်သင်သည်

Auto CAD 2D,3D

Graphic Design, Photoshop

Basic & i-office

ဖုန်း-၀၉-၅၀၁၅၃၃၁။



## ဝိုင်းယှဉ ‌အဆင့်မြင့်မှုကြို

အသက်ကိုးလမှ ငါးနှစ်အထိ

အမှတ်၂၇၃၊ ဒုတိယထပ်၊ ဗညားဒလလမ်း၊အောင်မင်္ဂလာမှတ်တိုင်၊တာမွေ။

**ဖုန်း-၂၉၀၁၄၉၊၀၉-၅၀၃၄၆၅၁။**

## ပုလောမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပသွားမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်။** ။ ၁၃၇၁ခုနှစ် တပို့တွဲလပြည့်ကျော်၁ ရက် ၃၀-၁-၂၀၁၀ရက် (စနေနေ့)

**အချိန်။** ။ နံနက် ၈း၃၀နာရီ

**နေရာ။** ။ ဟိုတယ်နှင့်ခရီးသွားလာရေး(စား/ဖျော်)ဓမ္မာရုံ ရွှေတိဂုံအရှေ့ဘက်မုခ်၊ အလယ်ပစ္စယာ၊ အာဇာနည်လမ်း၊ဗဟန်း၊

* ပုလောမုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးပြီး ကံစမ်းမဲအစီအစဉ်ပါရှိပါမည်။

**အမှုဆောင်အဖွဲ့**

**ပုလောမြို့နယ်အသင်း(ရန်ကုန်)။**

## မြန်မာအလူမီနီယမ် MAI

စစ်မှန်တဲ့ ကုန်ကြမ်းကိုသုံးပြီး အရည်အသွေး ပြည့်ဝတဲ့ အလူမီနီယမ်များကို အရောင်(ဖြူ/ညို) ပုံစံမျိုးစုံ (ထူ/ပါး)အလိုက် သင့်စိတ်တိုင်းကျ ထုတ်လုပ်ပေးနေသော-

## မြန်မာအလူမီနီယမ်စက်ရုံ

အသုံးပြုပြီးသော အလူမီနီယမ်ဖြတ်စများကို စက်ရုံအရောက်ဈေး 1Kg ကျပ် ၁၂၀၀ နှုန်းဖြင့် လက်ခံဝယ်ယူလျက်ရှိကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**မှတ်ချက်။** ။ဈေးအတက်/အကျရှိနိုင်ပါ၍ အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါသည်။ **မြန်မာအလူမီနီယမ်စက်ရုံ၊ သာခုကန်စက်မှုဇုန် အပိုင်း(၁/၂) ကျောက်စိမ်းလမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း/ဖက်စ်-၆၁၁၄၆၉၊ ၆၁၁၅၆၄။**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မမ/၉၈၄၅ Honda Waveမော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မိုး ၆/မအရ(နိုင်)၀၀၈၇၆၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊တိုင်းဦးစီးမှူးရုံး(မြိတ်)။**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သိမ်ဆိပ်ရွှေလှေတန်းရပ်ကွက်နေ ကျွန်တော်၏သားဖြစ်သူ မောင်ဇော်ဇော်သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမြင့်လွင် ၁၀/သထန(နိုင်)၀၉၁၃၅၁**

**သိမ်ဆိပ်။**

FAME **Wheatgrass®**

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified

ဂျုံမြက်နုအားဆေး

Myanmar Winery & Distillery Co., Ltd is currently searching for Enthusiastic, Dynamic & Dedicated people for the following position:

(Local Service Only)

| | | |
|---|---|---|
| Position Title | : | Plant Manager |
| Reporting to | : | Project Manager |
| Vacant post | : | 1 – post (Male/Female) |
| Department | : | Production |
| Location | : | Mandalay |

This is senior position in the company. Requirements:

- Age – 35 years and above
- M.E or B.E in Mechanical, Electrical or Industrial Chemistry or related field of study
- 10 to 15 years experience in plant operations in a manufacturing, distillery or beverage company which includes at least 5 to 8 years at a senior managerial position
- Able to manage the whole plant including but not limited to planning, organizing, addressing and managing all relevant tasks for a new factory set up and development
- Ensure good manufacturing practice in production flow, safety, QC, raw materials yields and administrations, strengthen the entire process for improving yields to bring the uniform final product with quality
- Strong management and leadership skills with good business instinct and excellent communication skills
- Able to build a strong culture of teamwork and align departmental goals to the Company's strategic objectives
- Good English communication skills, both oral and written
- Must be computer literate

Please send applications to : (1) Myanmar Winery and Distillery Co., Ltd. No.18, 7th Mile, Pyay Road, Mayangone T.S. Yangon.

(2) No. (541/3), 35th Street, Between 58 & 59, Kankauet Qr, Chan Aye Thar Zan T.S, Mandalay.

( With copy of labor registration card )

Deadline for application : 10 days after this advertisement

Note : Only short – listed candidates will be notified.

## အများပြည်သူသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း၊ အမှတ် ၉(က)နေ ဒေါ်အိုင်ရင်းတင်လှ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်အိုင်ရင်းတင်လှသည် ကွယ်လွန်သူ စာရေးဆရာ၊ ဒါရိုက်တာ၊ ရုပ်ရှင်သရုပ်ဆောင်၊ သီချင်းရေးဆရာ၊ အဆိုတော်၊ ဇာတ်ညွှန်းရေးဆရာ၊ ထပ်ဆင့်အကယ်ဒမီဝင်းဦး ရေးသားခဲ့သော သေတမ်းစာကို အတည်ပြုသော ရန်ကုန်တိုင်းတရားရုံး ၁၉၈၉ခုနှစ် တရားမကြီးမှုအမှတ်- ၁၃၁(ကတ)(ကျောက်တံတား)တွင် ၁၉၉၀ပြည့်နှစ် စက်တင်ဘာ ၂၈ရက် နေ့စွဲဖြင့်ထုတ်ပေးသည့် သေတမ်းစာအတည်ပြုချက်လက်မှတ်ကိုရရှိထားသူ ဖြစ်ပါသည်။ ဒေါ်အိုင်ရင်းတင်လှသည် ကွယ်လွန်သူ ထပ်ဆင့်အကယ်ဒမီဝင်းဦးကျန်ရစ်ခဲ့သော ပစ္စည်းအဝဝတို့ကို အမွေဆက်ခံခွင့်ရရှိသည့်အပြင် ဝင်းဦး၏ ရုပ်ရှင်၊ ဂီတ၊ အနုပညာ၊ စာပေစသည်တို့၏ မူပိုင်ခွင့်ကိုလည်း ရရှိထားသူဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်အိုင်ရင်းတင်လှ၏ စာဖြင့်ရေးသားသော သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူမဆို ဝင်းဦးရေးသားခဲ့သော ဝတ္ထု၊ဆောင်းပါးများကို ပုံနှိပ်ထုတ်ဝေဖြန့်ဖြူးခြင်း၊ သူကိုယ်တိုင်ရေးသားသီဆိုခဲ့သော သီချင်းစာသားနှင့် ဂီတသံစဉ်များကို စီးပွားရေးကိစ္စအတွက်သီဆိုခြင်း၊ သူရေးသားခဲ့သော ဇာတ်ညွှန်းနှင့် သူ၏ရုပ်ပုံများကို သုံးစွဲခြင်းများ မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။

ဤတားမြစ်အတိုင်း လိုက်နာခြင်းမပြုပါက တည်ဆဲတရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဒေါ်ကေသီအုံး**

**LL.B., LL.M**

**တရားရုံးချုပ်ရှေ့နေ (စဉ်-၄၂၂၇)**

**အမှတ် ၃၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာအပ်ပါသည်

ကျွန်ုပ်၏အမှုသည် ဒေါ်တင်တင်မိုး ၁၁/စတန(နိုင်)၀၂၂၁၉၃၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်တင်တင်မိုးသည် ဦးသိန်းဝင်း ၃/ဘအန(နိုင်)၀၅၅၈၀၇ နှင့် ၁၄-၇-၂၀၀၀ပြည့်နှစ်ကတည်းက လက်ထပ်ထိမ်းမြားခဲ့ပြီး ၂၃-၁၂-၂၀၀၇ရက်တွင် အမှတ် ၁၂၁(ဘီ)၊ မြေညီထပ်၊ နန္ဒဝန်လမ်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နေအိမ်တိုက်ခန်းကိုဝယ်ယူ၍ အတူနေထိုင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအား ဒေါ်တင်တင်မိုး၏ခွင့်ပြုချက်၊ သဘောတူညီချက် တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ရောင်းချခြင်းမပြုလုပ်ပါရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလွင်ဦး(စဉ်-၆၂၃၅) (တရားရုံးချုပ်ရှေ့နေ)**

**အမှတ်၆၂၊ ပထမထပ်၊ အခန်း(၂၁)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။**

**အမှတ်၃၄၊ ပထမထပ်(ဝဲ)၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၅၀၅၀၇၉၉။**

## ထားဝယ်မြို့၊ ဇရစ်ရပ်၊ ဈေးအနောက်လမ်း၊ အိမ်အမှတ်-၃၆၁မြေပေါ်ရှိ (၁၇ပေ×ပေ၄၀)ခန့်ရှိ လူနေအိမ်ဆိုင်ခန်းနှစ်ခန်းနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

အထက်ခေါင်းစဉ်ပါ လူနေအိမ်ဆိုင်ခန်းနှစ်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်ဦးနှင့် ၄င်း၏ညီမသုံးဦး စုစုပေါင်းလေးဦးအမည်ဖြင့် ပိုင်ဆိုင်ထားခြင်းဖြစ်သည့်အပြင် အလယ်ဆိုင်ခန်းရှိ ယခင်ဆိုင်ခန်းငှားသူကို ဦးခင်မောင်ဦး တစ်ဦးတည်းက ကျသင့်ငွေများပေးပြီး ယင်းအခန်းအား လက်ရောက်ရယူပိုင်ဆိုင်ထားခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းနှစ်ခန်းနှင့် အခန်းတည်ရှိရာမြေကို ဦးခင်မောင်ဦး၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း စသည့်လွှဲပြောင်းခြင်းတစ်မျိုးမျိုး မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဦးခင်မောင်ဦး၏ညွှန်ကြားချက်အရ-**

**ဒေါ်မရန်ဂျာဆိုင်း (LL.B., D.I.L)** **ဦးဝင်းငွေး (LL.B., D.B.L., D.M.L)**

**ဒေါ်မျိုးပပဆွေ (LL.B)** **တရားရုံးချုပ်ရှေ့နေ**

**အထက်တန်းရှေ့နေများ**

**အမှတ်-၅၆၁၊ ပထမထပ်၊ M.A.C တာဝါ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊ ပြည်သာယာ (တောင်) ရပ်နေ ကျွန်မ၏သား မောင်သူရလွင် ၉/မထလ(နိုင်)၂၃၇၁၇၂သည် မိဘများအား စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်ကြူကြူဝင်း**

**၉/မထလ(နိုင်)၀၁၀၈၉၂။**

## မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

## မသက်ဆိုင်တော့ပါကြောင်း

မဖြူပြာ ၅/ဖပန(နိုင်)၀၄၃၆၉၇၏ ခင်ပွန်းဖြစ်သူ အဖဦးသိန်းဝင်း၏သား မောင်ဆန်းဝင်း ၁၄/မအန(နိုင်)၀၀၅၅၇၉ သည် ၅-၃-၂၀၀၄ရက်မှစ၍ နှစ်ဦးသဘောထားချင်း မတိုက်ဆိုင်တော့၍ နေအိမ်မှမိမိဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ၎င်းနေ့မှစ၍ မဖြူပြာနှင့်ခင်ပွန်းအဖြစ်လုံးဝမသက်ဆိုင်တော့ပါကြောင်း သိစေအပ်ပါသည်။

**မဖြူပြာ ၅/ဖပန(နိုင်)၀၄၃၆၉၇**

**ကျွန်းရွှေဝါရပ်၊ ဖောင်းပြင်မြို့။**

## ပညာရည်ချွန်ဆု ချီးမြှင့်

ဇန်နဝါရီ ၉ရက်က ပုသိမ်မြို့ အမှတ်(၂၃) ကသဲတန်း အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသော ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းစည်းကမ်းလိုက်နာဆု၊ ကျောင်းတက်မှန်ဆုနှင့် ပညာရည်ချွန်ဆု ရရှိသော စတုတ္ထတန်းကျောင်းသူ မဆွေခိုင်သော်အား ကျောင်းအကျိုးတော်ဆောင် ဒေါ်လဲ့လဲ့နိုင်က ဆုချီးမြှင့်ပေးအပ်စဉ်။ (၀၆၉)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | | | |

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ရွှေဂွန်းအထက ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၀ ရက်က အဆိုပါကျောင်း ဖွဲကပင်ခန်းမ၌ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက အပူဇော်ခံ ဆရာ ဆရာမကြီး ၄၆ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀နှင့် အမှတ်တရပစ္စည်းများဖြင့် ကန်တော့ကြပြီး အပူဇော်ခံ ဆရာ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးအုန်းသော်က ဩဝါဒစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

## ဖွံ့ဖြိုးစည်ပင်လာသော ရခိုင်ပြည်နယ် တောင်ကုတ်မြင်ကွင်း

သတင်းခရီးသည်နှင့်ဓာတ်ပုံမှတ်တမ်း-သတင်းထောက် စဥ့်ကူစိုးဝင်း ❖ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး

နေပြည်တော် ဇန်နဝါရီ ၂၀

အမ်းမြို့မှ တောင်ကုတ်သို့ မော်တော်ကားဖြင့် ခရီးဆက်ခဲ့သည်။ လူနှင့်ကုန်ပါ တင်ဆောင်သည့် ကုန်ကားကြီးဖြင့် တစ်ရွာဝင်တစ်ရွာနား မတ်စောက်သည့် တောင်ကမ်းပါးယံများ ကွေ့ကောက်ကာ သွားခဲ့ရသည်။ မွန်းလွဲ ၂နာရီခန့် မအီမြို့ လမူးမော်ရွာသို့ ရောက်ရှိသည်။ ညနေ ၅နာရီတွင် တောင်ကုတ်မြို့သို့ ရောက်ရှိသည်။ စာမျက်နှာ ၉ ကော်လံ ၄ ✳

တောင်ကုတ်မြို့ ရိုးမလှိုင်းစာကြည့်တိုက်တွင် ဒေသခံများ စာပေများလေ့လာဖတ်ရှုနေကြစဥ်။
(ဓာတ်ပုံမှတ်တမ်း-စဥ့်ကူစိုးဝင်း)

လက်ရှိအောင်လံကိုသာမက ဂုဏ်သိက္ခာကိုပါ ကာကွယ်ရမည့် စောငမန်း။
ဓာတ်ပုံ-ဇင်လင်းထွန်း(ခနုဖြူ)

## အောင်လံလုရင်းက ဂုဏ်သိက္ခာအတွက်ပါ ကာကွယ်ကြရမည့် ဒဂုံရွှေအောင်လံ(၂၀၁၀) မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ဇင်လင်းထွန်း(ခနုဖြူ)
စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင်(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Dagon Brewery Co., Ltd. ၏အဓိက မတည်ပံ့ပိုးမှု၊ Myanmar Media Group ၏ မီဒီယာပိုင်းဆိုင်ရာ ကူညီမှုများဖြင့် H & S Group က ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်ဗီဒီယို) တာဝန်ယူစီစဥ်သည့် 'ဒဂုံရွှေအောင်လံ (၂၀၁၀) မြန်မာ့ရိုးရာလက်ဝှေ့ အောင်လံလုပွဲကြီး' ကို ဇန်နဝါရီ ၂၃ရက် (စနေနေ့)နှင့် ၂၄ရက်(တနင်္ဂနွေနေ့) စာမျက်နှာ ၁၁ ကော်လံ ၁ ■

### မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ(၄) တွင် ဖော်ပြထားပါသည်။

### ရွှေဆိုင်း

အောင်လံ လုရင်း တစ်ကျော့ပြန် ချန်ပီယံဘွဲ့ ခံယူမည့်ရွှေဆိုင်း။

ဓာတ်ပုံ-ဇင်လင်းထွန်း(ခနုဖြူ)